# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉၆)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၂၉-၉-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ Astana International Financial Center (AIFC) သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Astana International Financial Center (AIFC) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Bakhtiyar Tleubekov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်

**စာမျက်နှာ ၃ သို့ ❍**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) ၌ ကြည့်ရှုလေ့လာစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၈

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့။

မန္တလေး

## နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ကာ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်မည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံး လာရောက်သည့် မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ ကာဇက်စတန်နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ကြည့်မည်ဆိုပါက logistic ပိုင်းဆိုင်ရာ လုပ်ငန်းများကို အကောင်းဆုံးဖြတ်သန်းဆောင်ရွက်နိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိစဉ် အဆွေတော်တို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သာယာလှပမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံ သမ္မတတို့သည် ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေး ကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မဲစာရင်းဆိုင်ရာ လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက မဲစာရင်းဆိုင်ရာ လုပ်ငန်းစဉ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးထင်ဇော်ဦးက အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ဖို့ရန်အတွက် မြေပြင်ရှိ မဲပေးရမည့် မဲဆန္ဒရှင်လူဦးရေစာရင်း တိကျမှန်ကန်မှု ရှိစေရန်၊ စက်တင်ဘာ ၂၉ ရက်တွင် မဲစာရင်း၊ လူဦးရေစာရင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင်ကြော်ငြာဘုတ်များ ကပ်သွားမည်ဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ ကြိုတင်သိရှိနိုင်ရေး အသိပေးကြေညာနှိုးဆော်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ကြရေးတို့ကို အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသက်ဆွေဦးက ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာကြသော မြို့နယ်နှင့် ရပ်ကွက်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင် (၁)ဗိုလ်မှူးထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း၊ ဌာနဆိုင်ရာများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသက်ဆွေဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးတွင် အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့သည့်ပြည်သူများအား အမှတ်တရလက်ဆောင်များပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု ၆ လပြည့် အထိမ်းအမှတ်အဖြစ် ငလျင်ဘေးကယ်ဆယ်ရေးတွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည့် ပြည်သူများအား ယနေ့နံနက်ပိုင်းက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

စစ်ကိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် တပ်ဖွဲ့ဝင်များသည် ငလျင်ဘေးကယ်ဆယ်ရေးတွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည့် မွေးကြူအအေးဆိုင်မှ နော်လေ့တာဖောနှင့် တိုးတက်အောင် ကွန်ပျူတာဆိုင်မှ ဦးကျော်သူရတို့အား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် မီးသတ်ဆေးဘူးများ နေအိမ်အရောက် သွားရောက်ပေးအပ်ခဲ့ကြသည်။

စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မန္တလေးငလျင်ဘေးကယ်ဆယ်ရေးတွင် လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အသက်ရှင်လျက် ၃၇ ဦးအား ရှာဖွေဖော်ထုတ်ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် နှလုံးအထူးကုဆရာဝန်ကြီးများမှ နှလုံးရောဂါဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသ

**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာနမှ ၂၀၂၅ ခုနှစ်၊ (၂၅)နှစ်မြောက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် အဖြစ် ပြည်သူများနှင့် ကျန်းမာရေး ဝန်ထမ်းများအား နှလုံးရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နံနက် ၈ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သည်။



ထိုသို့ အခမဲ့ဆေးဝါးကုသခြင်းများကို မန္တလေးအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါ အထူးကုဌာနမှ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်စိုးဝင်း ဦးဆောင်၍ နှလုံးအထူးကုဆရာဝန် ခြောက်ဦးနှင့်အတူ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာဝန်များက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်ပူးပေါင်း၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များရှိ နှလုံးရောဂါဝေဒနာရှင်များအား ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com


ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) အတွင်း လိုက်လံကြည့်ရှုလေ့လာစဉ်။

○ ရှေ့ဖုံးမှ

အဖွဲ့ဝင်များသည် စင်တာအတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး ဌာနအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကာဇက်စတန်နိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက AIFC ဆိုင်ရာ အချက်အလက်များ၊ နည်းပညာတိုးတက်မှုမြင့်မားပြီး ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ကာဇက်စတန်နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖော်ဆောင်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း၊ နည်းပညာဆိုင်ရာတို့အပြင် စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးထားမှု၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Astana International Financial Center (AIFC) မှ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး စင်တာအတွင်းရှိ Museum of Trust အတွင်း ကြည့်ရှုလေ့လာကြကာ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) ရှိ Museum of Trust အတွင်း လိုက်လံကြည့်ရှုလေ့လာစဉ်။

အဆိုပါ Astana International Financial Center (AIFC) သည် Astana မြို့တွင် တည်ရှိသည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကာဇက်စတန်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကမ်းလှမ်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Belt and Road Initiative (BRI)စီမံကိန်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အာရှအလယ်ပိုင်းဒေသမှအစပြု၍ အရှေ့အလယ်ပိုင်းဒေသ၊ တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံများအထိ ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင်လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်နှင့် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်

စာမျက်နှာ ၄ သို့




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကာဇက်စတန်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

အဖွဲ့ဝင်များသည် Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံသို့ ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှုလေ့လာခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာ အဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အအုံဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဗိသုကာလက်ရာ၏ ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်း ဖြစ်ကြောင်း၊ Baiterek သည် အမြင့် ၉၇ မီတာ (၃၁၈ ပေ) ရှိပြီး အပေါ်ဘက်တွင်ရှိသော ဖန်ဘောလုံးကြီးအား တိုင် ၅၀၀ ဖြင့် အောက်မှပင့်တင်ထားသည့်ပုံစံမျိုး တည်ဆောက်ထားကာ ထောင့်အမျိုးမျိုးမှ ရှုတ်တရက်ကြည့်မည်ဆိုလျှင် ရွှေဖြင့် ပြုလုပ်ထားသည်ဟု ထင်ရကြောင်း၊ Baiterek ၏ ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတ Mr. Nursultan Nazarbayev မှ လေယာဉ်ပျံသန်းနေသည့် အချိန် လက်ကိုင်ပဝါပေါ်တွင် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ် သိမ်းဆည်းထားကြောင်း၊ Baiterek မျှော်စင်၏ ဒီဇိုင်းနှင့် သင်္ကေတများသည် လှည့်လည်နေထိုင်သွားလာသူများ၏ ရိုးရာယုံကြည်မှုများနှင့် နီးကပ်စွာ ဆက်စပ်နေပြီး Baiterek ဆိုသည်မှာ ကာဇက်ရိုးရာဒဏ္ဍာရီတွင် ရှင်သန်ခြင်းသစ်ပင်ကြီး (Tree of Life) ကို ရည်ညွှန်းထားကြောင်း၊ ဒဏ္ဍာရီအရ ဤသစ်ပင်ပေါ်တွင် Samruk ဟုခေါ်သော ဒဏ္ဍာရီလာငှက်ကြီး နေထိုင်ပြီး ရွှေဥ ဥကာ နေကို ကိုယ်စားပြု၍ ရှင်သန်ခြင်းနှင့် မျှော်လင့်ချက်ရောင်ခြည်ကို ပေးစွမ်းသည်ဟု သိရှိရကြောင်း၊ ထို့နည်းအားဖြင့် ကာဇက်လူမျိုးများသည် အကောင်းနှင့်အဆိုး၏ ရုန်းကန်မှု၊ ရာသီများ အပြောင်းအလဲကို နေ့ရောညပါ ပုံဖော်ကြကာ ဘိုင်တီရက်၏ ထိပ်တွင် ၂၂ မီတာရှည်သော ရွှေဘောလုံးသည် ဒဏ္ဍာရီလာနေမင်းကို ကိုယ်စားပြုကြောင်း၊ Baiterek အထိမ်းအမှတ် အဆောက်အအုံကို မြို့တော်၏ ယဉ်ကျေးမှုဗဟိုချက်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပြီး မြေအောက် ၄ ဒသမ ၅ မီတာတွင် ငါးပြတိုက်၊ ကော်ဖီဆိုင်နှင့် ယဉ်ကျေးမှုစင်တာတစ်ခုရှိကာ ၃၄ လွှာရှိ "ရွှေဘောလုံး"တင်ထားသည့်နေရာ လေ့လာရေးမျှော်စင်မှ မြို့ပြ၏ရှုခင်းများကို ကြည့်ရှုခံစားနိုင်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ဘာသာပေါင်းစုံ ၁၇ ခုမှ ကိုယ်စားလှယ်များသည် Baiterek အထိမ်းအမှတ်အဆောက်အအုံတွင် ပထမဆုံးအကြိမ်အဖြစ် ဆုတောင်းမှုပြုလုပ်ခဲ့ကြောင်း၊ ဘိုင်တီရက်သည် ကာဇက်စတန်၏ ယဉ်ကျေးမှု၊ ဒဏ္ဍာရီနှင့် ခေတ်သစ်တိုးတက်မှုတို့ကို ပေါင်းစပ်ထားသော အံ့ဖွယ်အဆောက်အအုံတစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့်လည်း Baiterek အထိမ်းအမှတ် အဆောက်အအုံတွင် ဆုတောင်းမှုများကို ပြုလုပ်ကြကြောင်း သိရှိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်အတွင်း ကြည့်ရှုလေ့လာစဉ်။

❖ Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အအုံဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ် ဗိသုကာလက်ရာ၏ ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန် လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်

❖ Baiterek အထိမ်းအမှတ်အဆောက်အအုံကို မြို့တော်၏ ယဉ်ကျေးမှုဗဟိုချက် အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပြီး မြေအောက် ၄ ဒသမ ၅ မီတာတွင် ငါးပြတိုက်၊ ကော်ဖီ ဆိုင်နှင့် ယဉ်ကျေးမှုစင်တာတစ်ခုရှိကာ ၃၄ လွှာရှိ "ရွှေဘောလုံး"တင်ထားသည့်နေရာ လေ့လာရေးမျှော်စင်မှ မြို့ပြ၏ရှုခင်းများကို ကြည့်ရှုခံစားနိုင်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုး တိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုတီးကုန်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်း အသိပညာပေး

**သံကုန်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သံကုန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြုနည်း အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၆ ရက်က သံကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် သကျမာရ်အောင်ဘုရားကြီးမွေ့ရုံ၌ ကျင်းပသည်။

ဦးစွာ ပုတီးကုန်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာခင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် မဲပေးခြင်းဆိုင်ရာ နည်းစနစ်များ၊ အကျိုးကျေးဇူးများကို မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ကြီးကြပ်၍ အစမ်းအနားသို့ တက်ရောက်လာကြသော ပုတီးကုန်းမြို့ အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ ကျေး စာရေးများ၊ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့်မဲပေးပုံအဆင့်ဆင့်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

**ကိုကျော်(ပြန်/ဆက်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အက်စတာနာမြို့ရှိ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၂၄ မှ

ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ပြန်လည်ဆွေးနွေးပြောကြားပြီး ကာဇက်စတန်နိုင်ငံဆိုင်ရာများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများနှင့် ပတ်သက်၍သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်းရှိ ကဇာတ်ရုံခန်းမကြီးနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သည် ပိရမစ်ပုံစံဒီဇိုင်း ရေးဆွဲတည်ဆောက်ထားသည့် ခေတ်မီအဆောက်အအုံတစ်ခုဖြစ်ကာ စုစုပေါင်းဧရိယာစတုရန်းပေ ၃၀၀၀၀၀ (စတုရန်းမီတာ ၂၈၀၀၀) ကျယ်ဝန်းပြီး ၆၂ မီတာ (၂၀၃ ပေ)မြင့်သော ခမ်းနားထည်ဝါသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအခမ်းအနားများအပြင် ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ပွဲတော်များနှင့် အမျိုးသားရေးညီလာခံအခမ်းအနားများ ကျင်းပရာအဆောက်အအုံတစ်ခုလည်းဖြစ်ပြီး ကာဇက်စတန်နိုင်ငံအတွက် အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

## အမျိုးသားပြတိုက်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားပြတိုက်အတွင်း လှည့်လည်၍ ကာဇက်စတန်လူမျိုးနှင့် နိုင်ငံတို့၏ သမိုင်းကြောင်း နောက်ခံအကြောင်းအရာများ၊ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ ကာဇက်စတန်နိုင်ငံ အမျိုးသားပြတိုက်သည် အာရှအလယ်ပိုင်းတွင် အကြီးမားဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်တွင် ခန်းမ ၁၁ ခုပါဝင်ပြီး အဆိုပါခန်းမများတွင် ယခင်ခေတ်မှ ယခုအချိန်ထိ ဖြစ်ပေါ်ခဲ့သော ကာဇက်စတန်နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများစွာကို ပုံဖော်ပြသထားကြောင်း၊ အမျိုးသားပြတိုက်အား အပတ်စဉ် တနင်္လာနေ့တိုင်းပိတ်၍ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ၁၀:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ ဖွင့်လှစ်ထားရှိကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့် ကာဇက်စတန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို သိရှိနိုင်ရန်အတွက် ကာဇက်စတန်ဘာသာစကား၊ ရုရှားဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပြတိုက်အတွင်း ပြကွက်တစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုမှုအပြီးတွင် အက်စတာနာမြို့ဆိုင်ရာ ပြခန်း၌ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl က ယခင်ကမြို့တော်ဖြစ်သည့် အာမာတီမြို့မှ ယခု အက်စတာနာမြို့နေရာသို့ မြို့ပြအခြေခံအကွက်ချပုံစနစ်တကျရေးဆွဲ၍ ၂၀၀၀ ပြည့်နှစ် ဇွန် ၆ ရက်ကစပြီး တည်ဆောက်ခဲ့မှု၊ စတင်ဆောင်ရွက်ခဲ့စဉ်က လူဦးရေ ၈ သိန်းခန့်အထိ နေထိုင်နိုင်ရေးအခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုများနှင့် အခြားလိုအပ်ချက်များကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် တိုးတက်လာသော လူဦးရေနှင့်အညီ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ခေတ်မီနည်းစနစ်များဖြင့် မြို့ပြအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich ၊ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အက်စတာနာမြို့ရှိ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိခဲ့ကြသည့်ဝန်ထမ်းများ ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိခဲ့ကြသည့် ဝန်ထမ်းများ ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ကျင်းပသည်။



ဆုချီးမြှင့်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိသူ ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရရှိကြသူများသည် ကြိုးစားအားထုတ်မှု၊ ဇွဲလုံ့လရှိမှုနှင့်ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝမှုများကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို သွန်သင်ပံ့ပိုးကူညီခဲ့သည့် မိဘများကိုလည်း အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအဆင့်သင်တန်းများ၊ ပြည်ပသင်တန်းများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရသူ အရာထမ်း/အမှုထမ်းများကိုလည်း နိုင်ငံ့ဂုဏ်သာမက ဝန်ကြီးဌာနဂုဏ်ကိုပါ မြှင့်တင် ကြိုးပမ်းပေးခဲ့ကြ၍ အထူးပင် ဝမ်းမြောက်ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ သင်ကြားတတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာနှင့်ဗဟုသုတများကို အကျိုးရှိစွာအသုံးချ၍ မိခင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အားထားရသည့်ဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦး၊ ပြည်ပ မဟာဘွဲ့သင်တန်းတွင် စာပေထူးချွန်ဆုရရှိသူတစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ဝန်ကြီးဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၆ ဦး၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးအသင်း ဒုတိယဆု၊ အမျိုးသားဖူဆယ်အသင်း ဒုတိယဆု၊ ဂေါက်သီး(အလွတ်တန်း) အသင်းလိုက် ဒုတိယဆု၊ ဂေါက်သီး (အလွတ်တန်း) တစ်ဦးချင်းဒုတိယဆုနှင့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုဆုများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများထံ ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်ဖွဲ့ဝင်တို့၏ သား/သမီးများ၊ စစ်သည်များ၊ အငြိမ်းစားတပ်ဖွဲ့ဝင်တို့၏ သားသမီးများ စုစုပေါင်း ၁၇၃ ဦးတို့အား Artillery Gunners Foundation မှ ရန်ကုန်၊ မိတ္ထီလာ၊ အောင်ပန်းတို့ရှိ နယ်မြေခံတပ်များ၌ စက်တင်ဘာ ၂၈ ရက်တွင် (၃)နေရာခွဲ၍ ပညာရည်ချွန်ဆုပေးအပ်သည့် အခမ်းအနားများ ကျင်းပခဲ့သည်။

အခမ်းအနားများသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဆုရရှိသူများ၏ မိဘများ တက်ရောက်ခဲ့ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်းနာယက၊ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တပ်မတော်အရာရှိကြီးများက ပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

သတင်းစဉ်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ရက် ၉၀ သာ လိုတော့သည်။

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။



## မိုင်းယောင်းမြို့၌ အောင်နိုင်တိုးမျိုး မိုးစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

**မိုင်းယောင်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပောင်ကြန့် အုပ်စု၊ ဝမ်ပွန်းကျေးရွာတွင် တောင်သူခုနစ်ဦးက ဒေသရေ၊ မြေ ရာသီဥတုနှင့်ကိုက်ညီသည့် အောင်နိုင်တိုးမျိုး မိုးစပါးကို ခုနစ်ဧက စမ်းသပ်စိုက်ပျိုးရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ အောင်မြင်ဖြစ်ထွန်းနေသည့် အောင်နိုင်တိုးမျိုး မိုးစပါးစိုက်ခင်းကို စက်တင်ဘာ ၂၇ ရက်က ခေတ္တမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ (၅၀၅)

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဆက်ဆူအိုလို | ၃ - ၁ | အူဒီးနီးစ် | |
| ရိုးမား | ၂ - ၀ | ဗီရိုနာ | |
| ပီဆာ | ၀ - ၀ | ဖီအိုရင်တီးနား | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| နိစ် | ၁ - ၁ | ပါရီ | |
| လိုင်လီ | ၀ - ၁ | လိုင်ယွန် | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ပက်လက်ကာနီ | ၀ - ၁ | ဆီဗီလာ | |
| အယ်လ်ချီ | ၂ - ၁ | ဆဲလ်တာဗီဂို | |
| ဘာစီလိုနာ | ၂ - ၁ | ဆိုစီဒက် | |

## ကျေးလက်လမ်း၊ တံတားလုပ်ငန်းခွင်များသို့ ဦးစီးအရာရှိ(မြို့ပြ) မွမ်းမံသင်တန်းသား၊ သင်တန်းသူများ ကွင်းဆင်းလေ့လာ

**ဧေယျာသီရိ စက်တင်ဘာ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းခွင်များသို့ ယမန်နေ့ နံနက်ပိုင်းက အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဆောင်၍ ဦးစီးအရာရှိ (မြို့ပြ) မွမ်းမံသင်တန်းသား၊ သင်တန်းသူများ ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။

(အောက်ပုံ)

ထိုသို့ကွင်းဆင်းလေ့လာကြည့်ရှုရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဇော်မိုးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းမဆောင်ရွက်မီ ကွင်းဆင်းတိုင်းတာပြီး လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဖြစ်စေရေး လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဖရိုင်းဘတ် | ၁ - ၁ | ဟော်ဖန်ဟိမ်း | |
| ကိုလုံး | ၁ - ၂ | စတုဂတ် | |



## ဝါမျိုးစုံစိုက်ဧက ၇၄၉၃ ဧက စိုက်ပျိုးထားရှိ ဝါများ အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ ဝါမျိုးစုံစိုက်ဧက ၇၄၉၃ ဧက စိုက်ပျိုးနိုင်ပြီး ၎င်း စိုက်ပျိုးထားရှိသည့် ဝါစိုက်ဧကများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ (အပေါ်ပုံ)

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား တစ်ဧက အထွက်တိုး၍ ဝင်ငွေတိုးနိုင်သည့် ဝါသီးနှံကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဝန်ထမ်းများက လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီ၍ ဒေသခံတောင်သူများက အထွက်နှုန်းကောင်းသည့် ချည်မျှင်ရှည်ဝါနှင့် မလှိုင်ဝါချည်မျှင်တို့ကို မိုးကြို၊ မိုးနှင့် မိုးနှောင်းကာလများတွင် စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မိုးကာလတွင် ချည်မျှင်ရှည်ဝါ စိုက်ဧက ၇၄ ဧက၊ မိုးနှောင်းကာလတွင် ချည်မျှင်ရှည်ဝါ စိုက်ဧက ၇၀၂၆ ဧကနှင့် မလှိုင်ဝါ (ချည်မျှင်တို) စိုက်ဧက ၃၉၃ ဧကတို့ စိုက်ပျိုးပြီးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင် ဝါမျိုးစုံစိုက်ဧက ၇၄၉၃ စိုက်ပျိုးနိုင်ခဲ့ရာ အဆိုပါ ဝါမျိုးစုံစိုက်ဧကများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ (၄၆၉)

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# အိုဆာကာ ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ကုန်ကျငွေပြန်လည်ရရှိသည်ထက် ပို၍ကျော်လွန်

တိုကျို စက်တင်ဘာ ၂၈

၂၀၂၅ ခုနှစ် အိုဆာကာမြို့၌ ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ပြပွဲပြီးဆုံးရန် ၁၅ ရက်သာ ကြာတော့သည့်အချိန်တွင် ကုန်ကျငွေပြန်လည်ရရှိသည်ထက် ပို၍ ကျော်လွန်သွားပြီဟု ပွဲစီစဉ်သူက ပြောသည်။

လက်မှတ်ဝယ်ယူသူဦးရေသည် စက်တင်ဘာ ၂၇ ရက်တွင် ၂၂ သန်း ကျော်သွားပြီဖြစ်ကြောင်း ကနဦး အချက်အလက်များအရ သိရသည်။ အဆိုပါအရေအတွက်သည် ပြပွဲတွင် အရှုံးဖြစ်စေနိုင်သည့် ကိန်းဂဏန်းကိုကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့တွင် ဧပြီလမှစတင်ကာ အဆိုပါပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲသို့ ဒေသနှင့်နိုင်ငံပေါင်း ၁၅၈ ခုမှ ပါဝင်ဆင်နွှဲခဲ့ကြသည်။ နှစ်ပတ်အတွင်း



တစ်ရက်လျှင် လာရောက်လည်ပတ်သူဦးရေ ၂၀၀၀၀၀ ကျော်ရှိခဲ့သည်။

ယခုခန့်မှန်းထားအတိုင်းသာ ဆက်သွားပါက စုစုပေါင်းလာရောက်သူ ဧည့်သည်ဦးရေမှာ ၂၅ သန်းဝန်းကျင်ရှိမည်ဖြစ်ပြီး အိုက်ချီမြို့၌ ၂၀၀၅ ခုနှစ်က ပြုလုပ်ခဲ့သည့်ပွဲထက် ဧည့်သည်ဦးရေကျော်လွန်သွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အင်တာနက်ကွန်ရက်ဖွဲ့စည်းမည့် ဂြိုဟ်တုအုပ်စုသစ်ကို ထိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံသည် စက်တင်ဘာ ၂၇ ရက်တွင် ရှန်ရှီပြည်နယ်မြောက်ပိုင်းရှိ ထိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အနိမ့်ပတ်လမ်းသွား ဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အင်တာနက်ကွန်ရက်တစ်ခုဖွဲ့စည်းမည့် ဤဂြိုဟ်တုအုပ်စုသည် ၎င်း၏ အမျိုးအစားတွင် ၁၁ ခုမြောက်ဖြစ်ပြီး ပြုပြင်ထားသော လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် ည ၈ နာရီ မိနစ် ၄၀ တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုများသည် ကြိုတင်သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့သည်။

ယင်းဂြိုလ်တုလွှတ်တင်မှုသည် လောင်းမတ်ချ်ဒုံးပျံများ၏ ၅၉၇ ကြိမ်မြောက် မစ်ရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Mon



# ကမ္ဘာ့အမြင့်ဆုံးတံတားဖြစ်သည့် ဟွာကျန်း ဂရန်းကန်ညွန်တံတားကို တရုတ်နိုင်ငံတွင် ယာဉ်ကြောအသွားအလာအတွက် ဖွင့်လှစ်လိုက်ပြီ

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးတံတားဖြစ်သည့် ဟွာကျန်း ဂရန်းကန်ညွန်တံတားကို စက်တင်ဘာ ၂၈ ရက်တွင် ယာဉ်ကြောအသွားအလာအတွက် ဖွင့်လှစ်လိုက်ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဤသည်မှာ သုံးနှစ်ကြာ တည်ဆောက်ခဲ့သော အင်ဂျင်



နီယာဆိုင်ရာ အောင်မြင်မှုတစ်ခု ဖြစ်ပြီး ယခင်စံချိန်တင်ထားသည့် ထိုပြည်နယ်ရှိ အခြားတံတားတစ်ခု၏ စံချိန်ကို ချိုးဖျက်လိုက်ခြင်းပင် ဖြစ်သည်။

ထိုတံတားသည် နိုင်ငံ၏ တောင်ပိုင်းဒေသကြမ်းတမ်းသော ကွေ့ကျိုးပြည်နယ်ရှိ မြစ်တစ်စင်းနှင့် ကျယ်ပြောလှသည့် ချောက်ကမ်းပါးကြီးပေါ်တွင် မြစ်ရေမျက်နှာပြင်မှ ၆၂၅ မီတာ (၂၀၅၁ ပေ) အကွာ၌ မိုးထိလုနီးပါး တည်ရှိသည်။

အဆိုပါ ပြည်နယ်၌ပင် ယခုအခါ ကမ္ဘာ့ဒုတိယအမြင့်ဆုံးဖြစ်သွားသော ၅၆၅ မီတာ (၁၈၅၄ ပေ) မြင့်သည့် ပေ့ဖန်းကျန်း တံတားလည်း တည်ရှိသည်။

နိုင်ငံပိုင်မီဒီယာများက တနင်္ဂနွေနေ့တွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် မောင်းသူမဲ့လေယာဉ် ဗီဒီယိုရုပ်သံဖိုင်များတွင် တံတား၏ အပြာရောင်ထောက်တိုင် မျှော်စင်များသည် တိမ်များထဲသို့ တစ်စိတ်တစ်ပိုင်း နစ်မြုပ်နေချိန်၌ ဧရာမဖွဲ့စည်းပုံကြီးပေါ်တွင် ယာဉ်များ ဖြတ်သန်းသွားလာနေသည်ကို တွေ့မြင်ရသည်။

ပွဲတော်အခမ်းအနား ကျင်းပရန်အတွက် စီမံကိန်းအင်ဂျင်နီယာများနှင့် ဒေသအာဏာပိုင်များ အပါအဝင် လူအများအပြား တံတားပေါ်တွင် စုဝေးခဲ့ကြကြောင်း သိရသည်။

Mon

# အီတိုမီဒိတ်ဆေး ရောထားသော ဗိတ်များနှင့်အတူ စင်ကာပူ၌ ဖမ်းဆီးရမိသူ စုစုပေါင်း ၆၅၆ ဦး ရှိခဲ့

**စင်ကာပူ စက်တင်ဘာ ၂၈**

စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ သုံးပတ်တာကာလအတွင်း အီတိုမီဒိတ်ဆေး ရောထားသော ဗိတ်များ လက်ဝယ်တွေ့ရှိသူ ၄၄ ဦး အပါအဝင် ဗိတ်နှင့်ပတ်သက်သော ပြစ်မှုများဖြင့် ဖမ်းဆီးရမိသူ စုစုပေါင်း ၆၅၆ ဦး ရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းသုံးပတ်အတွင်း အီတိုမီဒိတ်ဆေး အလွဲသုံးစားပြုသည်ဟု သံသယရှိသူ ၆၅ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးသိပ္ပံအာဏာပိုင်အဖွဲ့တို့က စက်တင်ဘာ ၂၇ ရက်တွင် ပူးတွဲသတင်းထုတ်ပြန်သည်။

ဓာတ်ခွဲခန်းစစ်ဆေးမှုများအရ ၎င်းတို့အနက် ၄၄ ဦးတွင် အီတိုမီဒိတ်ပါဝင်သော ဗိတ်များရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၁၂ လုံးတွင်မူ အဆိုပါဆေး မပါဝင်ကြောင်း တွေ့ရှိခဲ့သည်။ ကျန်ရှိသော လူကိုးဦး၏ စစ်ဆေးမှုရလဒ်များမှာမူ ဆက်လက်စောင့်ဆိုင်းနေရဆဲ ဖြစ်သည်။

အတည်ပြုနိုင်ခဲ့သော အမှုများအနက် သုံးဦးမှာ လူမှုနှင့်မိသားစုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ လူငယ်များအား ကြီးကြပ်မှုမြှင့်တင်ရေး အစီအစဉ်အောက်ရှိ စိတ်ကျန်းမာရေးဌာနသို့မဟုတ် လူမှုဝန်ဆောင်မှု အေဂျင်စီများဖြင့် ပြန်လည်ထူထောင်ရေး စတင်လုပ်ဆောင်နေပြီဖြစ်သည်။

နောက်ထပ် ၃၆ ဦးမှာ ယခုသီတင်းပတ်အတွင်း ပြန်လည်ထူထောင်ရေးစတင်ရန် မျှော်လင့်ရပြီး ကျန်ငါးဦးကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

Mon

# ဗီယက်နမ်ကမ်းရိုးတန်းဒေသများမှ လူပေါင်း ၂၅၀၀၀၀ ကျော်ကို ဘူလိုအီမုန်တိုင်းကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် စီစဉ်

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် သေဆုံးသူ အနည်းဆုံး ၁၀ ဦးနှင့် ကျယ်ပြန့်သော ရေကြီးမှုများကို ဖြစ်စေခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် ပိုမိုပြင်းထန်လာသည့် ဘူလိုအီ(Bualoi) တိုင်ဖွန်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံသို့ ဦးတည်နေသောကြောင့် (စက်တင်ဘာ ၂၈)ရက်တွင် ဗီယက်နမ်က လေဆိပ်များကို ပိတ်ကာ ကမ်းရိုးတန်းဒေသများမှ ဒေသခံ ၂၅၀ ၀၀၀ ကျော်ကို ရွှေ့ပြောင်းရန် စီစဉ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြ သည်။

လက်ရှိတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းဖြင့် လေတိုက်နှုန်းရှိသော အဆိုပါမုန်တိုင်းသည် ပင်လယ်ပြင်တွင် တည်ရှိနေပြီး ဒေသစံတော်ချိန် ညနေ ၇ နာရီတွင် ကုန်းတွင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံ၏ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဤမုန်တိုင်းသည် ပုံမှန်ပျမ်းမျှအမြန်နှုန်းထက် နှစ်ဆနီးပါး ပိုမိုမြန်ဆန်စွာ ရွေ့လျားနေသည့် ပြင်းအားကောင်းသော မုန်တိုင်းတစ်ခုဖြစ်ပြီး သက်ရောက်မှုဇရိယာ ကျယ်ပြန့်သည်"ဟု အေဂျင်စီက ထပ်လောင်းပြောဆိုခဲ့သည်။

အဆိုပါမုန်တိုင်းသည် ပြင်းထန်သောလေတိုက်နှုန်း၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ ရုတ်တရက်ရေကြီးမှု၊ မြေပြိုမှုနှင့် ကမ်းရိုးတန်းရေလွှမ်းမိုးမှုတို့အပါအဝင် သဘာဝဘေးအန္တရာယ်များကို တစ်ပြိုင်တည်း ဖြစ်စေနိုင်စွမ်းရှိသည်ဟုလည်း ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟူးမြို့နှင့် ကွမ်ထရီမြို့တို့တွင် ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီးဖြစ်ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်အလယ်ပိုင်းရှိ အကြီးဆုံးမြို့ဖြစ်သည့် ဒါနန်းမှ ဒေသခံ ၂၁၀၀၀၀ ကျော်ကို ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့ပြီး၊ ကမ်းရိုးတန်းဒေသများအနီးတွင် နေထိုင်သည့် ဟူးမြို့မှ ဒေသခံ ၃၂၀၀၀ ကျော်ကိုလည်း ပိုမိုလုံခြုံသည့်နေရာများသို့ ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း သိရသည်။

Mon



## အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ကန့်ဘလူ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မီးသတ်ဦးစီးဌာနက တောက္ကရုပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုပုံနည်းလမ်းများကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့မမီးသတ်စခန်းမှူး(ဒုတိယဦးစီးမှူး) ဦးဇော်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဆေးဘူးများစစ်ဆေးခြင်း၊ ကျောင်းတွင်းလျှပ်စစ်ဘုတ်ခုံများ၊ လျှပ်စစ်မီးကြိုးသွယ်တန်းထားရှိမှုအခြေအနေများ၊ ကျောင်းတွင်းရှိရေကန်များထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ကျောင်းတာဝန်ရှိသူများအား အကြံပြုဆွေးနွေးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို မီးဘေးအသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုပုံများ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**စစ်ကိုင်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်၊ တန့်ယန်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တန့်ယန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အမှတ်(၉)ရပ်ကွက်နေ အာစမ်းဖာ(၅၁)နှစ် မောင်းနှင်လာသည့် SHN-12/2Q---- FORD RANGER မော်တော်ယာဉ်၊ အမှတ်(၂)ရပ်ကွက်နေ မျိုးထက်ကို(၂၅)နှစ် မောင်းနှင်လာသည့် SHN-10/6J--TOYOTA MARKII မော်တော်ယာဉ်၊ အမှတ်(၆)ရပ်ကွက်နေသူများဖြစ်ကြသည့် စိုင်းအောင်လှ(၂၁)နှစ် မောင်းနှင်လာသည့်SHN-36/5K---- TOYOTA HILUX မော်တော်ယာဉ်နှင့် တမ်မနိုင်းမန်(၄၃)နှစ် မောင်းနှင်လာသည့် SHN-27/7L----HONDA FIT မော်တော်ယာဉ်၊ တန့်ယန်းမြို့နယ်၊ နောင်ခမ်းကျေးရွာနေ စိုင်းမောင်ဖိုး(၄၃)နှစ် မောင်းနှင်လာသည့် YGN-12/6P---- HIJET မော်တော်ယာဉ်၊ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ စိုင်းအောင်ဖ(၂၆)နှစ် မောင်းနှင်လာသည့် SHN-38/6K---TOYOTA LEXUS မော်တော်ယာဉ်နှင့် ရှမ်းပြည်နယ်၊ မိုင်းယန်းမြို့နယ်၊ ပုံလုံကျေးရွာနေ အိုက်ဆမ်လိတ်(၃၀)နှစ် မောင်းနှင်လာသည့် MDY-17/4M---- TOYOTA REVO မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အာစမ်းဖာပါ ခုနစ်ဦးအား တန့်ယန်းမြို့မရဲစခန်း၌ လည်းကောင်း။ **(အပေါ်ပုံ)**

ထို့အတူ စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ပေါက်ချောင်းရပ်ကွက်နေ ဝေဖြိုးအောင်(၃၆)နှစ် မောင်းနှင်လာသည့် MDY-7/RLG---- NISSAN X-TRAIL မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဝေဖြိုးအောင်အား စစ်ကိုင်းမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၃ရက်တွင် ဘားအံမြို့နယ်အတွင်း၌ တရားမဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး လောင်းကစားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ရက်မှ ၂၀ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရတနာပုံတံတား(နှာပေါက်)စစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်ခြောက်စီးနှင့် သုံးဘီးဆိုင်ကယ်တစ်စီး ကို သိမ်းဆည်းရမိခဲ့သဖြင့် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - * - * - *



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**ပွင့်ဖြူ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးအနီး မြို့ပတ်လမ်းပေါ်တွင် သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်းသိရ၍ စက်တင်ဘာ ၂၈ ရက်၊ နံနက် ၇နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် စိုက်ပျိုးရေးဦးစီးဌာနရုံးအနီး မြို့ပတ်လမ်းပေါ်တွင် ပင်စည်လုံးပတ် နှစ်ပေခွဲခန့်၊ အမြင့် ပေ ၁၀၀ ခန့်ရှိ အော်ရေးရှားပင်သည် ရေတိုက်စားပြီး မြေသားခိုင်မာမှုမရှိသဖြင့် လဲကျခဲ့ခြင်းဖြစ်ပေါ်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်အတွက် သွားရောက်ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းသစ်ပင်လဲကျမှုကြောင့် အခြားလူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၄၅)**

## ကျွန်းသစ်များ တရားမဝင်သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ရေတာရှည် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၌ ကျွန်းသစ်များ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် ည ၁၀ နာရီ ၃၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ မြို့လှနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရန်ကုန် - မန္တလေးကားလမ်း(လမ်းဟောင်း)မိုင်တိုင်အမှတ် ၁၉၄ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မှ မန္တလေးဘက်သို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရွှေတွင်းကုန်းကျေးရွာနေ တင်မင်းဇော်(၂၈)နှစ် မောင်းနှင်လာသည့် MGY-5/6I---- HYUNDAI PORTOR II အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်၌ ကျွန်းခွဲသားဆိုဒ်စုံ ၂၇ တုံး၊ ၁ ဒသမ ၈ တန်အား တရားမဝင်တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တင်မင်းဇော်အား မြို့လှနယ်မြေရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပီတိဝေဖြာ ရွှေထုပ်တဲ့ မြပဝါ

ပထမရွှေကျင်ဆရာတော်ကြီးက ပန်းပဲဆရာ အထုမခံရတဲ့ သံတုံးဟာ လက်နက် ဖြစ်မလာပါ။ ကျောက်ဆစ်ဆရာ အဖြတ်မခံရတဲ့ ကျောက်တုံးဟာ အရုပ်ဖြစ်မလာပါ။ ဆရာကောင်းဆုံးမ မခံရတဲ့ တပည့်ဟာ သူကောင်းဖြစ်မလာပါဟု မိန့်မှာခဲ့ပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းမှာ ဆရာကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာလို့ သုံးမျိုးသတ်မှတ် လက်ခံထားပါတယ်။ သင်ဆရာဟာ နှုတ်မှု၊ လက်မှု၊ စက်မှုပညာစတဲ့ စာပေပညာနဲ့ အတတ်ပညာ အမျိုးမျိုးကို သင်ကြားပို့ချ၊ ပြသ၊ နည်းပေး လမ်းညွှန်တဲ့ ဆရာတစ်ဆူဖြစ်ပါတယ်။ သင်ဆရာဟာ စာပေအတတ်ပညာသာမက တပည့်များကို လိမ္မာရေးခြားရှိလာအောင် ဆိုဆုံးမသွန်သင် လမ်းညွှန်တဲ့ဆရာလည်း ဖြစ်ပါတယ်။

မြင်ဆရာဆိုတာ လက်ထက်သင်ကြားပေးခြင်း မပြုသော်လည်း မိမိဘာသာ "အတုမြင်၊ အတတ်သင်" ဆိုတဲ့ သဘောတရားနဲ့အညီ လောကရှိအမြင် အရယူပြီး လေ့ကျင့်သင်ယူတတ်မြောက်လာနိုင်ပါတယ်။ ဥပမာ-လှံကစားသမားတစ်ဦးဟာ ငါးကို မြောက်စားနေတဲ့ ဖျိုင်းကိုတွေ့မြင်ရာက ဖျိုင်းကို အတုယူကာ အုတ်၊ ခဲ၊ လှံစတာတွေကို ပစ်မြောက်ပြီး မြေသို့မကျမီ ပါးစပ်နဲ့ခံယူနိုင်အောင် တတ်မြောက်လာတဲ့ လှံသမားဟာ မိမိမှာ ဆရာ မရှိကြောင်း ပြောတာနဲ့ အာခေါင်လှံစူးကာ သေပွဲဝင်ခဲ့ရပါတယ်။ ဒီပုံပြင်မှာ တိရစ္ဆာန်ဖျိုင်းကို "မြင်ဆရာ" အဖြစ် အသိအမှတ်မပြုလို့ "ဆရာကို ပယ်၊ ကိုယ်ဝယ်လှံစူး" တတ်ကြောင်း မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ကြီးက ညွှန်ပြခဲ့ပါတယ်။

အကြားအမြင်များခြင်းကြောင့် အသိအလိမ္မာ ရရှိလာခြင်း၊ အလေ့အကျင့်ကောင်းများရရှိလာခြင်း အတုယူအတတ်သင်လာခြင်းတို့ဟာ "ကြားဆရာ" ထံမှ ရရှိခြင်းကြောင့် အကျိုးစီးပွားတိုးပွားကြောင်းကို ဖန်တီးပေးနိုင်လို့ ကြားဆရာလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ကျောင်းစနေပြီး ပညာစသင်ရမည့်အရွယ်မှာ ပညာသင်ကြားပေးရန် တာဝန်ကို မိဘများက ဆရာလက်သို့ "ဝ" ကွပ်အပ်ကြပါတယ်။ သမိုင်းစဉ်မှာ ဆရာအဖြစ် တာဝန်ယူခဲ့ကြတဲ့ ဘုန်းတော်ကြီးများ၊ အမျိုးသားကျောင်းဆရာများ၊ တက္ကသိုလ်ဆရာများ၊ အခြေခံပညာဆရာများဟာ ခေတ်အဆက်ဆက်တာဝန်ကျေပွန်ခဲ့ကြပါတယ်။ ဆရာ့မေတ္တာ၊ စေတနာ၊ သိက္ခာ၊ ဂုဏ်၊ ဝတ္တရားနှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာကို မြန်မာ့သမိုင်းက သက်သေခံနေပါတယ်။ လူ့အဖွဲ့အစည်းမှ သား၊ သမီးများအဖို့ မိဘတွေဟာ လက်ဦးဆရာများဖြစ်သလို ဆရာများဟာလည်း တပည့်များအတွက် မိဘပင်ဖြစ်ကြောင်း ထပ်တူအလေးအမြတ်ခံယူထားလို့ ဆရာ့နှလုံးသား၊ ဆရာ့မေတ္တာစေတနာ နှင့် အပြုအမူတို့ဟာ မိဘများရဲ့ မေတ္တာစေတနာနှင့် ထပ်တူညီပါတယ်။ ဒါကြောင့် "ဆိုကရေးတီး" က မိဘများက သင့်အား အသက်ကို ပေးသည်။ ဆရာများက သင့်အား အနာဂတ်ကိုပေးသည်လို့ မိန့်ဆိုထားပါတယ်။

ဆရာဆိုတာ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုတဲ့ ဝတ္တရားငါးပါးနှင့် ပြည့်စုံသူဖြစ်ပါတယ်။ (၁၇-၅-၂၀၀၅)ရက် ညနေ ၄နာရီခွဲမှာ ညောင်ရွှေမြို့နယ် မိုင်းသောက်အင်းရွာ မြောက်ဘက်မှာ မီးလောင်တဲ့အခါ ရွာသားတွေ ရွာမြောက်ပိုင်းကို မီးသတ်ဖို့သွားကြလို့ ရွာတောင်ပိုင်းမှာ လူများမရှိသလောက် ဖြစ်နေပါတယ်။ အဲ့ဒီအချိန်မှာ မိုင်းသောက် အ-ထ-က အလယ်တန်းပြဆရာမဒေါ်မြငွေးရဲ့ အိမ်အနီးအထိ မီးကူးလာတဲ့အခါ ဒေါ်မြငွေးဟာ စာကျက်နေတဲ့ ကျောင်းသားခုနစ်ဦး၊ လှေမရှိလို့ မပြေးနိုင်တဲ့ အိမ်နီးချင်းလူမမာ လင်မယား နှစ်ဦး၊ လေးလအရွယ်ကလေးတစ်ဦး၊ ကစားနေတဲ့ ကလေးနှစ်ဦးရဲ့ အသက်အန္တရာယ် ကာကွယ်ဖို့ အိမ်စီး(၁၆)တောင်လှေနဲ့ မီးလွတ်ရာ ရွှာနံစေတီကုန်းကို ပို့ဆောင်ပြီး စောင့်ရှောက်ခဲ့ပါတယ်။ ဒေါ်မြငွေး မိသားစုမှာ အိမ်ရှိပစ္စည်းများ သယ်ယူခွင့်မရဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တပည့်များနှင့် သူတစ်ပါးအသက်အန္တရာယ်ကယ်နိုင်အောင် ထွက်ပြေးလာရလို့ တစ်အိမ်လုံးပြာကျကာ အိုးမဲ့အိမ်မဲ့ ဘဝရောက်ခဲ့ရပါတယ်။ အိုးမဲ့အိမ်မဲ့ ဖြစ်သွားပေမယ့် ဒေါ်မြငွေးကတော့ ဝမ်းမနည်းဘဲ မီးဘေးကလွတ်အောင်ကယ်နိုင်ခဲ့တဲ့ တပည့်လေးတွေရဲ့ မျက်နှာကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်နေပါတယ်။ ဒါဟာ "ဘေးရန်ဆီးကာ" ဆိုတဲ့ ဆရာ့ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တာကို မှတ်တိုင်ထူခဲ့တာပါ။

ဆရာအလုပ်ဟာ လွယ်မယောင်နဲ့ ခက်ပါတယ်။ အချို့က ဆရာအလုပ်ဆိုတာ စာဖတ်ပြီး သင်ပေးရုံပဲ၊ အထူးသဖြင့် သူငယ်တန်းသင်ရတာ အလွယ်ဆုံးလို့ ထင်တတ်ကြပါတယ်။ အမှန်မှာတော့ သူငယ်တန်း သင်ရတာဟာ အခက်ဆုံးပါပဲ။ သူများနိုင်ငံတွေမှာ သူငယ်တန်းဆရာဟာ အရေးကြီးလို့ အရည်အချင်းရှိဆုံးသူကို အမြင့်ဆုံးလစာပေးတယ်လို့ မှတ်သားရပါတယ်။ သူငယ်တန်းကျောင်းသားဘဝ၊ စာစသင်စအရွယ်မှာ ကျောက်တံ၊ ခဲတံကိုင်တာ၊ အဆွဲအငင် အသတ်၊ အရစ်ရေးတာ၊ အသံထွက်မှန်အောင် ရွတ်တတ်၊ ဖတ်တတ်အောင် သင်ရတာ အတော်ခက်ခဲပါတယ်။ သူငယ်တန်းဆရာ အသင်အပြ ညံ့လျှင် ကြီးလာတဲ့အခါ ပြင်ရခက်ပါတယ်။ ဒါကြောင့် မူလတန်းဆရာတွေဟာ အလွန်အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့အခုအခါမှာ မူလတန်းဆရာများနဲ့ အခန်းကဏ္ဍဟာ မှေးမှိန်သလိုဖြစ်ပြီး မူလတန်းဆရာများကို အလေးထားကန်တော့တာ ရှိသင့်တာထက် နည်းတယ်လို့ ခံစားရပါတယ်။

ဆရာဆိုတာ သိက္ခာရပ်ဝန်းမှာ နေထိုင်သူများဖြစ်ပြီး တပည့်များအပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အကြင်နာများစွာနဲ့ လောကကြီးကို အလှဆင်နေသူများဖြစ်ပါတယ်။ တပည့်တွေရဲ့ သောကကို ကရုဏာနဲ့ ဖြေဖျောက်ပေးနိုင်စွမ်း ရှိပါတယ်။ မြန်မာမှုနယ်ပယ်မှာ အနန္တောအနန္တငါးပါးမှာ တစ်ပါးအပါအဝင်အဖြစ် ရှိသေမြတ်နိုးတန်ဖိုးထားကြပါတယ်။ ဆရာများကိုယ်တိုင်ကလည်း မန်လည်ဆရာတော်ရဲ့ ဆုံးမစကားအတိုင်း ဆရာကောင်း၊ ဆရာမြတ်တို့ ကျင့်ဝတ်သိက္ခာဂုဏ်အင်္ဂါ ၇ ချက်၊ မိလိန္ဒပညာအရ ဆရာဂုဏ်အင်္ဂါ ၂၅ ပါး၊ ဆရာကျင့်ဝတ် ၅ ပါး စသည်ဖြင့် များပြားလှစွာသော တာဝန်ဝတ္တရား၊ ဂုဏ်အင်္ဂါများနဲ့ ပြည့်စုံသူ ဖြစ်ပါသည်။

စီလံဂျိမ်းက "The teacher of this country, one may saw, have its future in their hands" တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်ဟာ ဆရာများရဲ့ လက်ထဲမှာရှိတယ်လို့ ဆိုပါတယ်။ အရည်အချင်းပြည့်ဆရာများနှင့် ပညာအရည်အသွေးကိုမြှင့်တင်ရန် ကမ္ဘာနှင့်အဝန်း ဆရာများကို ဂုဏ်ပြုလျက်ရှိပါသည်။ ဒါကြောင့်လည်း အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့ (World Teacher 's Day)အဖြစ် သတ်မှတ်ကာ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်တဲ့ ယူအင်ဒီပီ၊ အိုင်အယ်အို၊ ယူနက်စကိုနှင့် ယူနီဆက်တို့က စုပေါင်းသဝဏ်လွှာ ထုတ်ပြန်ခဲ့ကြပါတယ်။ ရည်ရွယ်ချက်မှာ အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် အဓိကကျသော မြတ်ဆရာတို့အား ကမ္ဘာနှင့် အဝန်း ချီးကျူးဂုဏ်ပြုခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၂ ခုနှစ်ကစပြီး ကမ္ဘာ့ဆရာများကို ရည်ရွယ်ချက် သုံးချက်နဲ့ ကျင်းပခဲ့တာ ယနေ့အထိ ဖြစ်ပါတယ်။

(က) မြန်မာယဉ်ကျေးမှုအစဉ်အလာအရ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်။

(ခ) အာစရိယ ဆရာများနှင့် ဥပဇ္ဈာယ်ဆရာ၊ အရည်အသွေးများ ပြည့်ဝသည့် မြတ်ဆရာများ ပိုမိုပေါ်ထွန်းလာစေရန်။

(ဂ) ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ကျင်းပ၍ ဆရာများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန် စတဲ့ ရည်ရွယ်ချက်တွေ ထားရှိပါတယ်။

ဆရာဆိုတာ ဘာကိုမှမမှန်း တပည့်တွေ တိုးတက်လမ်းကို အစဉ်အမြဲကြိုးပမ်းနေသူသာ ဖြစ်ပါတယ်။ ဘာကိုမှ မတွေးတဲ့ဆရာဟာ တပည့်တွေ စာတတ်မြောက်ရေးကို ကြိုးစားပေးနေသူဖြစ်ပြီး တပည့်တွေဘဝခရီးအတွက် ဦးဆောင်ဦးရွက်ပြုနေသူဖြစ်ပါတယ်။ မြတ်ပညာနှင့်သာယာချမ်းမြလူ့လောကကို အလှဆင်နေသူ **တပည့်မရှား၊ တစ်ပြားမရှိ ပီတိကိုစား အားရှိနေ**တဲ့ ဆရာများဟာ ရွှေထုပ်တဲ့ မြပဝါဖြစ်လို့ ရှိသေလေးစားထိုက်သူများဖြစ်ပါတယ်။ ယနေ့ ဆရာများဟာ တိုင်းပြည်အတွက် အရေးပါတဲ့ ပုဂ္ဂိုလ်များဖြစ်သည့် အားလျော်စွာ မျိုးဆက်သစ် လူသားအရင်းအမြစ်များ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်စေရန် မိမိကျရာတာဝန်ကို ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။

**အေးအေးခိုင်(ပညာရေး)**

## (၄၅)ကြိမ်မြောက် ပဝါရဏာပွဲ ပြုလုပ်မည်ဖြစ်ရာ အလှူရှင်များ လှူဒါန်းနိုင်

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး၊မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်လုံးဆိုင်ရာ သံဃာ့ပဝါရဏာပွဲတော်ကို ဇန်းမော်ကျောင်းတိုက်၌ သီတင်းကျွတ်လပြည့်နေ့တွင်(၄၅)ကြိမ်မြောက် ပြုလုပ်မည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

ပဝါရဏာပွဲပြုလုပ်ရာတွင် သီတင်းကျွတ်လပြည့်နေ့ နံနက် ၅ နာရီတွင် သံဃာတော် ၁၂၁ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် သိမ်တော်တွင် ပဝါရဏာပြုလုပ်မည်ဖြစ်ကြောင်း၊ ထို့နောက် ဇန်းမော်ကျောင်းတိုက်၊ အေးကမ္ဘာဇိမာန်တော်ကြီးတွင် ဆွမ်း၊ သပိတ်၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အဆိုပါ တစ်နှစ်တစ်ကြိမ်၊ နှစ်စဉ်ပြုလုပ်သည့် ပဝါရဏာပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စေတနာရှင်၊ ကုသိုလ်ရှင်များအနေဖြင့် သက်ဆိုင်ရာရပ်ကွက်ဂေါပကအဖွဲ့အမှုဆောင်များထံ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်းနှင့် ဆွမ်း၊ သပိတ်၊ စာရေးတံများ လှူဒါန်းသည့် အလှူရှင်များသည် သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီတွင် အခမ်းအနားကျင်းပရာသို့ တက်ရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## အသက်(၈၅)နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါ စစ်ဆေးပေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇော်ထက်(သရက်)**

မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လျှုဒါန်။




## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စီးရီးအေချန်ပီယံဆုအား ဆွတ်ခူးရန် နာပိုလီအသင်း ရေပန်းစား



**တူရင် စက်တင်ဘာ ၂၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စီးရီးအေချန်ပီယံဆုအား ဆွတ်ခူးရန် နာပိုလီအသင်းက ရေပန်းစားလျက်ရှိသည်။

နာပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရယူထားနိုင်ပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့သည်။

နာပိုလီအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း စီးရီးအေချန်ပီယံဆုကို ဆွတ်ခူးထားပြီး၊ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ပါက ၂နှစ်ဆက် ဆွတ်ခူးသွားနိုင်တော့မည်ဖြစ်သည်။

နာပိုလီအသင်းနည်းပြ ကွန်တီက "အသင်းအနေနဲ့ အခုလို စီးရီးအေချန်ပီယံဆု ဆွတ်ခူးရန် ရေပန်းစားလို့ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပွဲစဉ်တစ်ပွဲတိုင်းကို အနိုင်ရရှိဖို့ အာရုံစိုက်ထားပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ယာပုံ)**

**(NGB)**

## နည်းပြ နူနိုဆန်တို့စ်ကို နည်းပြသစ်အဖြစ် ဝက်စ်ဟမ်းအသင်းခန့်အပ်

**လန်ဒန် စက်တင်ဘာ ၂၈**

ဝက်စ်ဟမ်းအသင်းသည် အသင်းနည်းပြ ဂရေဟမ်ပေါ်တာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြ နူနိုဆန်တို့စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် ဝုဖ်၊ အယ်လ်အစ်တီဟတ်၊ နော်တင်ဟမ်ဖောရက်စ်စသည့် ကလပ်အသင်းများစွာ ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ နူနိုဆန်တို့စ်က "ကျွန်တော် အခုလို ဝက်စ်ဟမ်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## မိုင်ဂနန်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၂၈**

ချဲလ်ဆီးအသင်းသည် အေစီမီလန်အသင်း ဂိုးသမား မိုင်ဂနန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် (၃၀)နှစ် အရွယ်ရှိ ဂိုးသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၈ ပွဲ ကစားပြီး လက်စွမ်းပြထားခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း မိုင်ဂနန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ မိုင်ဂနန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ၂၁ရာစုအတွင်း ပင်နယ်တီနှင့် ဖြစ်ဒဏ်ဘောအား ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အယ်လ်ဗာရက်ဇ်မှတ်တမ်းဝင်

**မက်ဒရစ် စက်တင်ဘာ ၂၈**

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အသင်းကစားသမားဟောင်း ဆွာရက်ဇ်ပြီးနောက် ၂၁ရာစုအတွင်း အသင်းအတွက် ပင်နယ်တီနှင့် ဖြစ်ဒဏ်ဘောဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းအား ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲကစားပြီး ၃၅ဂိုး သွင်းယူထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ အယ်လ်ဗာရက်ဇ်က "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## 2025 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 China Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက် ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2025 China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် တွင် ပြင်သစ်တင်းနစ်ကစားသမား Terence Atmane အား ၆-၄၊ ၇-၅၊ ၆-၀ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**



2025 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဟန်ဂေရီတင်းနစ်ကစားသမား Fabian Marozsan တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## နီကိုအိုရိုင်လီ မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၂၈**

မန်စီးတီးအသင်းသည် အသင်း ကွင်းလယ်ကစားသမား နီကိုအိုရိုင်လီအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈ ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နီကိုအိုရိုင်လီက "သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ဝဲပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* စပါးအသင်းသည် အသင်းကစားသမားဟောင်းဖြစ်သူ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအား ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် ဘရန့်ဖို့ဒ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက နည်းပြ အာမိုရင်အား ရာထူးမှထုတ်ပယ်ပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

* လီဗာပူးအသင်းသည် အသင်းနောက်ခံပိုင်း အင်အားဖြည့်တင်းရန်အတွက် ဘာစီလိုနာအသင်းမှ အာရူဂျိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

**(NGB)**

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၀-၉-၂၀၂၅ | (၁၁)ဗလင်စီယာ - အိုဗီအေဒို(၁၈) | ဗလင်စီယာ ၁-၁ အိုဗီအေဒို | ဗလင်စီယာ(အိမ်) | ၃ | ၂ | ၁ | - | ၆ | ၁ |
| နံနက်၀၁:၃၀နာရီ | (L,W,L,W,D) (L,W,L,L,L) | အိုဗီအေဒို ၁-၀ ဗလင်စီယာ | အိုဗီအေဒို(ဧည့်) | ၃ | - | - | ၃ | - | ၅ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၀-၉-၂၀၂၅ | (၁၀)အဲဗာတန် - ဝက်စ်ဟမ်း(၁၉) | အဲဗာတန် ၁-၀ ဝက်စ်ဟမ်း | အဲဗာတန်(အိမ်) | ၂ | ၁ | ၁ | - | ၂ | - |
| နံနက်၀၁:၃၀နာရီ | (L,W,W,D,L) (L,L,W,L,L) | ဝက်စ်ဟမ်း ၀-၀ အဲဗာတန် | ဝက်စ်ဟမ်း(ဧည့်) | ၂ | ၁ | - | ၁ | ၃ | ၃ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၉-၂၀၂၅ တနင်္လာနေ့ | ညနေ၃း၃၀နာရီ | (၉)သစ္စာအားမာန် - မဟာ(၇) (L,D,L,W) (-,L,D,W) | သစ္စာအားမာန် ၃-၃ မဟာ<br>မဟာ ၄-၁ သစ္စာအားမာန် |
| ။ | ညနေ၄း၀၀နာရီ | (၅)ရတနာပုံ - ရှမ်းယူနိုက်တက်(၁၂) (L,W,W,D) (L,L,L,L) | ရတနာပုံ ၃-၂ ရှိုင်<br>ရှိုင် ၂-၄ ရတနာပုံ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၉-၉-၂၀၂၅ | (၁၈)ပါမား - တိုရီနို(၁၂) | ပါမား ၂-၂ တိုရီနို | ပါမား(အိမ်) | ၁ | - | ၁ | - | ၁ | ၁ |
| ည၁၁း၀၀နာရီ | (L,D,L,D) (L,D,W,L) | တိုရီနို ၀-၀ ပါမား | တိုရီနို(ဧည့်) | ၂ | ၁ | - | ၁ | ၁ | ၅ |
| ၃၀-၉-၂၀၂၅ | (၁၆)ဂျီနိုအာ - လာဇီယို(၁၃) | ဂျီနိုအာ ၀-၂ လာဇီယို | ဂျီနိုအာ(အိမ်) | ၂ | - | ၁ | ၁ | - | ၁ |
| နံနက်၀၁း၄၅နာရီ | (D,L,D,L) (L,W,L,L) | လာဇီယို ၃-၀ ဂျီနိုအာ | လာဇီယို(ဧည့်) | ၂ | - | - | ၂ | - | ၃ |

# မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ Viksit Bharat Run 2025 ၅ ကီလိုမီတာ အပြေးပြိုင်ပွဲ ကျင်းပ




**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ Viksit Bharat Run 2025 အထိမ်းအမှတ် ၅ ကီလိုမီတာ အပြေးပြိုင်ပွဲ အခမ်းအနားကို နန်းမြို့ရိုးနှင့် ကျုံးရေပြင်အကြား ရတနာပုံဥယျာဉ် ၁၉ လမ်းထိပ်တွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယောဂနည်းပြဆရာကြီး ဦးလှညွန့်နှင့် သင်တန်းသား သင်တန်းသူများ၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ယောဂနည်းပြဆရာကြီးနှင့်အတူ ယောဂလေ့ကျင့်ခန်းများကို အတူတကွပြုလုပ်ကြသည်။

၎င်းနောက် ကောင်စစ်ဝန်ချုပ်က Viksit Bharat Run 2025 ၅ ကီလို မီတာအပြေးပြိုင်ပွဲအကြောင်းနှင့် ကျင်းပရခြင်းအား ပြောကြားပြီးနောက် အပြေးပြိုင်ပွဲအား စတင်တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်များက ကျုံးအတွင်း သတ်မှတ်ပြေးလမ်းအတိုင်း ဆင်နွှဲခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ ပြုလုပ်

**ပူတာအို စက်တင်ဘာ ၂၈**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ကျောင်းသားလူငယ်လူရွယ်များ စာဖတ်သည့် ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ခရိုင်အတွင်း နှစ်စဉ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာတိုးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာသည့် ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးမှ ကိုယ်စားလှယ် ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်များနှင့် ကိုယ်စားလှယ် တက်ရောက်လာသည့် ဆရာ၊ ဆရာမများက ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းအကြံပြုကြသည်။

အဆိုပါစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲအမျိုးအစားပေါင်း ခုနစ်မျိုးနှင့် အားကစားပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲများ ထည့်သွင်းကျင်းပဆောင်ရွက်သွားမည့်အပြင် လူငယ်စကားဝိုင်းနှင့် ပြခန်း၊ ပြကွက်များ ခင်းကျင်းပြသနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဓာတ်မြေဩဇာ(၃း၁) ရောစပ်အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သီလင်ကျေးရွာအုပ်စု၊ ခန္တီးလေးကျေးရွာ၊ ကွင်းအမှတ်(၄၅၅)၊တောင်သူ ဦးအောင်ကျော်စိုးစံ၏ ငါးဧကစိုက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအောင်နိုင်တိုးစပါးစိုက်ခင်းတွင် မြေဩဇာ(၃း၁)ရောစပ်ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက အဆိုပါစံပြကွက်စိုက်ကွင်းတွင် သရုပ်ပြစိုက်ပျိုးခဲ့သည်။



ရှေးဦးစွာ သရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ ထည့်သွင်းဆောင်ရွက်ရာ၌ သီးနှံပင်၏ သက်တမ်းအလိုက် အသုံးပြုရမည့် မြေဩဇာများအား နှုန်းထားမှန်ကန်စေရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ထိရောက်မှုရှိပြီး အပင်အတွက် အကျိုးဖြစ်ထွန်းစေရေး၊ သဘာဝမြေဩဇာများ အချိုးကျရောစပ်၍ အချိန်ကိုက်ကြဲပက်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ဒေသခံတောင်သူများက သိလိုသော အကြောင်းအရာများကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့ပြီး ၂၀၂၅-၂၀၂၆ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ရောစပ်ကြဲပက်ခြင်း ပညာပေးသရုပ်ပြသခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ကန့်ဘလူခရိုင်၌ ယခုနှစ် ဆောင်းသီးနှံမျိုးစုံ ၄၀၉၆၇၇ ဧက လျာထားစိုက်ပျိုးမည်

**ကန့်ဘလူ စက်တင်ဘာ ၂၈**

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များ၌ ဆောင်းသီးနှံစုံ ၄၀၉၆၇၇ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်ထံမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၂၁၀၅၀၊ ပဲမျိုးစုံပေါင်း ဧက ၁၁၆၉၃၀၊ ဆီထွက်သီးနှံပေါင်း ၂၃၇၀၇၆ ဧက၊ ကြံသီးနှံပေါင်း ၇၉၇၆ ဧက၊ စားဖိုဆောင်သီးနှံ ၂၃၅ ဧက၊ အခြားသီးနှံပေါင်း ၂၄၉၄၂ ဧကနှင့် နှစ်ရှည်ပင်ပေါင်း ၁၄၆၈ ဧကကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀

၀-၀-၀

# (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြော

**ရပ်စောက် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ ကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁နာရီက အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။



မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်တင်တင်မိုးနှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဦးမင်းသူရိန်တို့က ခွေးရူးရောဂါဆိုသည်မှာ၊ ခွေးရူးရောဂါကူးစက်ခံရနိုင်သည့်နည်းလမ်းများ၊ ခွေးရူးရောဂါကူးစက်မှုအန္တရာယ်ရှိသောသူများ၊ ခွေးရူးရောဂါလက္ခဏာများ၊ ခွေးရူးပြန်ရောဂါဖြစ်စေရန်ကာကွယ်ရမည့်နည်းလမ်းများ၊ လူတွင် မဖြစ်မနေ ခွေးရူးရောဂါကာကွယ်ဆေးထိုးရမည့် အခြေအနေစသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၃၆၈)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့

အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

# အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ဆောင်းဒါး ရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ အနေဖြင့်၂၀၂၅-၂၀၂၆ ဘဏ္ဍာ ရေးနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်း သင်တန်းများမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့်သူများအား လုပ်ငန်း သုံးပစ္စည်းများပေးအပ်ပွဲကို စက် တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ တွင် ကျင်းပသည်။




အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်း ပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင် ဇော်ဦးက အဖွင့်အမှာစကား ပြော ကြားသည်။ ဆောင်းဒါးရက်ကန်း နှင့် သက်မွေးပညာသိပ္ပံကျောင်း အုပ်ကြီးက သင်တန်းများ ဖွင့်လှစ် ရခြင်း၏ရည်ရွယ်ချက်များကို ပြော ကြားပြီး တိုင်းဒေသကြီး လမ်း ပန်းဆက်သွယ်ရေးဝန်ကြီးက ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမရပူရခရိုင် အုပ်ချုပ်ရေးမှူးက သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။ ထို့ နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ ကြကြောင်း သိရသည်။ (ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**



# ငါးသယံဇာတကြွယ်ဝစေရန် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

**ပွင့်ဖြူ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနက ဒေသတွင်းငါးသယံဇာတ ကြွယ်ဝစေရန်နှင့် ပြည်သူများ အတွက် ငါးစားသုံးမှုဖူလုံစေရန် ရည်ရွယ်၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် သံကိုင်း ကျေးရွာအနီး ဧရာဝတီမြစ်ဆိပ်၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့် ခြင်းအခမ်းအနားသို့ ပွင့်ဖြူမြို့ နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလင်းလင်း အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စံပယ် လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည် သူများ တက်ရောက်ကြပြီး ငါး သယံဇာတကြွယ်ဝစေရေးအတွက် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၃၅၀၀၀ အား ဧရာ ဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့် ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနအနေဖြင့် နှစ်စဉ် မြို့နယ် အတွင်းရှိ မြစ်၊ ချောင်းနှင့် ဆည် တမံများ၊ စပါးစိုက်လယ်မြေများ အတွင်း ငါးမျိုးစိတ်များ စိုက် ထည့်ပေးခြင်းလုပ်ငန်းကို ဆောင် ရွက်လျက်ရှိသည်။

ထို့အပြင် မြို့နယ်ငါးသား ဖောက်စခန်းက ဒေသခံရေလုပ် သားများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် တစ်ပိုင် တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရွှေဝါ ငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ် ချင်း စသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ကာ ဈေးနှုန်း ချိုသာစွာ ဖြန့်ဖြူးရောင်းချပေး ခြင်းနှင့် အခြေခံငါးမွေးမြူရေး ဆိုင်ရာ သင်တန်းများကို အခမဲ့ဖွင့် လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေး ဆွေးနွေး

**ဥတ္တရသီရိ စက်တင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် အတွင်း သီးနှံများ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက် နှုန်းရရှိရေးနှင့် ထွက်ရှိလာသော စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုး သတ်ဆေး ဓာတ်ကြွင်းကင်းစင် ရေးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မောင်း ရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိ ပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်း ပညာ)ဦးမျိုးဇော်က နည်းပညာ ပေး ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး သက်ဆိုင်ရာ ဘာသာ ရပ် ပညာရှင်များမှ တစ်နှစ် သုံး သီး စိုက်ပျိုးနိုင်သော သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုး ကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ မြေဆီလွှာစီမံခန့်ခွဲရေး၊ သဘာဝ မြေသြဇာကို တောင်သူများ ကိုယ် တိုင်ပြုလုပ်သုံးစွဲရေးနှင့် ဓာတ် မြေသြဇာများ အကျိုးရှိစွာ အသုံး ပြုရေး၊ သီးနှံဖျက်ပိုးများအား ဘက်စုံကာကွယ်ရေးနည်းလမ်း များ အသုံးပြု၍ ကာကွယ်နှိမ် နင်းရေး၊ ပိုးသတ်ဆေးများအား စနစ်တကျသုံးစွဲရေးတို့ကို နည်း ပညာပေး ဆွေးနွေးခဲ့ကြပြီး တက် ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူ များက ကဏ္ဍများအလိုက် ပြန် လည်ဖြေကြားခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



# စမာမြောင်းရေဖြင့် တိုက်နယ်(၁)၌ မိုးသီးနှံမျိုးစုံ ၇၉၀၃ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တိုက် နယ်(၁၂)ခု ရှိပြီး ဒေသအတွင်း သီးနှံမျိုးစုံဖူလုံပိုလျှံရေး မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့မှ တောင် သူများနှင့် ပူးပေါင်း၍ စိုက်ပျိုး လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် စမာမြောင်းရေဖြင့် တိုက်နယ်(၁)၌ မိုးသီးနှံစုံ ၇၉၀၃ ဧက စိုက်ပျိုးပြီး ဖြစ်သည်။

တိုက်နယ်(၁)၌ ပန်းခွာ၊ ကျီးပြ၊ သင်ပျို၊ ကျီးအိပ်၊ ဒွေးလှ၊ ငါးဆူ၊ ရှားပင်ကျေးရွာအုပ်စုများ ပါဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်း များကို စမာစိုက်ပျိုးရေ ပေးဝေ သည့်မြောင်းမှ စိုက်ပျိုးရေများကို အဓိကသုံးစွဲပြီး စပါး ဧက ၂၂၄၀၊ ပဲတီစိမ်း ၁၂၅၆ ဧက၊ အခြားပဲ ၉၂၂ ဧက၊ နံ့စားပြောင်း ၂၆၄ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ မြေပဲ ၅၂ ဧက၊ နှမ်း ၇၄၆ ဧက၊ နေကြာ ၈၉၁ ဧက၊ ငရုတ် ၃၄၁ ဧက၊ ကျွဲ၊ နွားစာ ၆၀၆ ဧက၊ ဟင်းသီးဟင်းရွက် ၃၃၈ ဧက စုစုပေါင်း ၇၉၀၃ ဧက စိုက်ပျိုး ထားသည်။

မိုးသီးနှံများ အောင်မြင်ဖြစ် ထွန်းရေး၊ မျှော်မှန်းအထွက်နှုန်း ရရှိရေး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက် ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဝေခြင်း၊ စိုက်နည်းစနစ်များ အသိပညာပေးခြင်း၊ အလေအလွင့် နည်းပါးစွာ ရိတ်သိမ်းခြွေလှေ့ခြင်း နည်းပညာများ ဖြန့်ဝေပေးလျက် ရှိပြီး စိုက်ပျိုးရေများလည်း လုံ လောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၈၅)



# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြော၊ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး စက်တင်ဘာ ၂၈**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်ခဲ့သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူး ရောဂါကာကွယ်တိုက်ဖျက်ရေး နေ့အထိမ်းအမှတ် အကြိုအသိ ပညာပေးဟောပြောပွဲကို စက် တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အမှတ် (၃၄) အခြေခံပညာအထက်တန်း ကျောင်းတွင်ကျင်းပရာ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှပေး ခြင်းကို ကျောင်းသား၊ ကျောင်း သူ ၂၅၀ ဦး တက်ရောက်ခဲ့ကြ သည်။

မန္တလေးတိုင်းဒေသကြီး ဦး စီးမှူး ဒေါက်တာသန်းအေး ဦး ဆောင်မှုဖြင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် စက်တင်ဘာ ၂၇ ရက်က မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းတို့ ပူးပေါင်း၍ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက် ဖျက်ရေးနေ့အထိမ်းအမှတ် ခွေး၊ ကြောင်များကို အခမဲ့ခွေးရူးပြန် ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြ ကြောင်း သိရသည်။




(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

ဝတ္ထုတိုကဏ္ဍ

# မေ့တတ်တဲ့ ကိုကြီးတင်




‘ဒီနေ့ ငါ့မွေးနေ့ကွ မင်းတို့ ဘာစားမလဲ၊ ငါလိုက်ကျွေးမယ်’ ကိုကြီးတင်က မျက်စောင်းထိုး မိန်းကလေးအဆောင်ဘက်ကို ကြည့်နေရင်းက ပြောသည်။

လကုန်ခါနီးရက်ဖြစ်၍ ကျောင်းသားအများစု အသုံးစရိတ်ပြတ်ကြသည်။ အခုလည်း ကိုမျိုးအဆောင်သို့ လိုက်လည်ကြရင်း လက်ဖက်ရည်ဖိုး ပြတ်နေသဖြင့် စဉ်းစားရင်း ထိုင်နေကြခြင်း ဖြစ်သည်။

သူငယ်ချင်းအားလုံး ဆတ်ခနဲ ခေါင်းထောင်၍ ကိုကြီးတင်ကို ဝိုင်း၍ ကြည့်ကြသည်။

‘ခင်ဗျားက စောစောက မပြောဘူး။ လက်ဖက်ရည်ဆိုင်မှာ မကေတို့အဖွဲ့ ထိုင်နေကြတာဗျ။ သူတို့ဘေးစားပွဲ ဝင်ထိုင်ရင်း ရောမလို့ လက်ဖက်ရည်ဖိုးမပါလို့ မဝင်ခဲ့ရတာလေ’ ကိုမျိုးက မကျေမနပ် ထပြောခြင်း ဖြစ်သည်။ ကိုကြီးတင်က …

‘အေး လာကွာ … ငါလည်း ကျွေးရင်ကောင်းမလား၊ မကောင်းလား စဉ်းစားရသေးတယ်။ ဒီနေ့ ဒီအဆောင်မှာ အိပ်ကြမှာဆိုတော့ ညနေစာအတွက် ကျွေးလိုက်တော့မယ်လို့ စိတ်ကူးမိလို့ပါ။’

တစ်ဖွဲ့လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

‘ကဲ … ဟော့ ခုညနေ ၅ နာရီရှိနေပြီ။ ဗိုက်လည်း ဆာပြီ။ ရေချိုးကြစို့။ ရေချိုး အဝတ်အစားလဲပြီး လမ်းသလားကြမယ်။ ပြီးမှအေးဆေးစားကြမယ်လေကွာ။ ဗိုက်ဆာတဲ့ကောင် ခေါင်းရင်းမှာ ချိတ်ထားတဲ့ မုန့်ကြွပ်စားပြီး ရေသောက်ထားကြ’ မောင်စိုး၏ ဆော်ဩသံအပြီး မုန့်ကြွပ်ထုပ်ကို ဖြုတ်၍ တက်ညီလက်ညီ စားကြသည်။ကိုကြီးတင်ကမူ ပြတင်းပေါက်မှ တစ်ဖက်မိန်းကလေးအဆောင်ဘက်သို့ ငေးလျက် …။

‘ငါ့လည်း တစ်ခုတော့ အဆာခံလေး ကျွေးကွာ’ ကိုကြီးတင်က လှည့်လာပြီး မုန့်တောင်းသည်။ မုန့်ထုပ်က အခွံပဲ ကျန်တော့သည်။ မောင်စိုးက …

‘သိဘူးလေဗျာ … ခင်ဗျားက မိန်းကလေးအဆောင်ဘက်ပဲ ပြူးကြည့်နေတာ … ရင်ခံနေတယ် ထင်လို့လေ အကုန်စားပစ်လိုက်ပြီ’

ကိုကြီးတင်က မျက်နှာပုပ်ကြီးဖြင့် …

‘တော်ပြီကွာ ငါ့ကျ မကျွေးဘူး။ မင်းတို့ကိုလည်း မကျွေးတော့ဘူးကွာ …’

‘မလုပ်ပါနဲ့ ကိုကြီးတင်ရာ ချစ်လို့စတာပါ … ငါတို့ အစ်ကိုကြီးက ဟိုဘက်အဆောင်က ကောင်မလေး ပြုံးပြတာနဲ့ ဝနေပြီထင်လို့ပါဗျ’ဟု ဝိုင်းပြောမှ ပြုံးဖြီးကြီး ဖြစ်လာသည်။

‘ဟော့ကောင်တွေ ရေလဲပုဆိုးတစ်လှည့်စီ ဝတ်ချိုးကြကွ။ လှန်းစရာနေရာမရှိဘူး’ဟု ကိုစိုးက လှမ်းအော်သည်။

ကိုသက်နှင့် ကိုဦးက အင်္ကျီကျွတ်များဖြင့် ကြမ်းပြင်တွင် လှဲနေကြသည်။ ကိုစိုးက ကိုကြီးတင်ကို အတင်းဆွဲလှဲ၍ နပန်းလုံးကြသည်။ ရေချိုးခါနီး သွေးပူလေ့ကျင့်ခန်းအဖြစ် အဆောင်တွင် ဆူညံမှုပြုကြသည်။ ကျွန်တော်က ရေအရင်ချိုးသည်။

အခြားသူများ ရေချိုးနေချိန် ကွမ်းယာဝါးချင်လာ၍ အဆောင်ရှေ့မှ ကွမ်းဆိုင်တွင် ကွမ်းယာသုံးထုပ်ကို အကြွေးဝယ်သည်။ ဆိုင်ရှင် ကိုဝင်းမောင်ကလည်း အကြောင်းသိ။

‘မင်းတို့အဖွဲ့ ဒီမှာ အိပ်ကြမှာလား။ ငါ့ကွမ်းခုံလေးကို ညကျ သတိထားပေးပါဦး။ ဟိုတစ်နေ့က မူးလာတဲ့ ကောင်တွေ လက်သီးနဲ့ ထိုးသွားလို့ ပျဉ်ပြားကွဲသွားတယ်ကွ’

‘ဟုတ်ကဲ့ပါဗျာ ကြည့်ထားပေးမယ်။ ကွမ်းဖိုးကို လကုန်မှ ပေါင်းယူနော် …’

‘အေးပါ … ထုံးစံအတိုင်းပဲလေကွာ။ အေးဆေးပါ’

ကွမ်းထုပ်တွေယူပြီး အဆောင်ပေါ်ပြန်တက်သည်။ အဖွဲ့သားများအားလုံး ရေချိုးပြီးကြပြီ။

‘လွယ်အိတ်တွေကို ဟိုဘက်အခန်းက ကိုဆောင်းအခန်းထဲ ထားခဲ့ဟေ့။ ကိုဆောင်းက ဘယ်မှမသွားဘူး။ သွားရင်လည်း အခန်းသော့ခတ်တတ်တော့ စိတ်ချရတယ်’ ကိုမျိုး၏ သတိပေးမှုကြောင့် လွယ်အိတ်များကို အခန်းထဲ ထည့်ခဲ့ပြီး လမ်းပေါ်ထွက်ခဲ့ကြသည်။ တစ်လမ်းလုံး စကြ၊ နောက်ကြ၊ထိုးကြ၊ ကြိတ်ကြဖြင့် ဗောဓိကုန်းတစ်ခွင် ပြုံပြုံစင်အောင် လည်ကြသည်။ ဘုရားထောင့်နားက ကွမ်းယာဆိုင်ဘေးတွင် ကျားထိုးနေကြသော ကျောင်းသားတစ်ဖွဲ့ တွေ့သည်။ ကိုကြီးတင်က ဝါသနာအိုး။

‘ဟော့ကောင်တွေ ငါတစ်ပွဲလောက်ကစားချင်တယ်ကွာ … တစ်ပွဲတည်းပါ …’ဟု ဆိုလာသည်။

ဒီနေ့ ညနေစာ ဒကာဖြစ်သဖြင့် သည်းခံ၍ မကျေမနပ်ဖြင့် စောင့်ကြသည်။ ကိုကြီးတင်အလှည့်ရောက်တော့ ည ၈ နာရီပင် ထိုးပြီ။ အခုတလော ကာလအခြေအနေမကောင်းသဖြင့် ည ၁၀ နာရီခန့်အထိသာ အပြင်ထွက်ကြသည်။ ဗောဓိကုန်းတစ်ဝိုက်က ကျောင်းသားများသာ အပြင်ထွက်ကြ၍ သိပ်ကိစ္စမရှိ။ ပြဿနာမရှိ၍ တော်သေးသည်။ ကိုကြီးတင်ပွဲစပြီ ထုံးစံအတိုင်း ရှုံးသည်။ စားသောက်ဆိုင်ဘက်သို့ သွားကြသည်။

လူပင် ရှင်းစပြုပြီ။ ခေါက်ဆွဲကြော်တစ်ပွဲတည်းသာ စားကြမည်ဟု ညှိသည်။ အချိုရည်လေးလည်း ပါသည်။ ပျော်ပျော်ပါးပါး သောက်ကြစားကြသည်။ အာသွက်လျှာသွက် စကားနိုင်လုကြသည်။ ဆိုင်ထဲတွင် ကိုယ့်တစ်ဖွဲ့တည်းသာ ရှိတော့သည်။

သတိပေးရသည် ‘ဘယ်လောက်ကျသလဲဟေ့’ဟု ကိုကြီးတင်က ဆရာကြီးလေသံဖြင့် အော်မေးသည်။ ဆိုင်ရှင်က ဘေလ်စာရွက်ယူလာပေးသည်။ ကိုကြီးတင်က မာန်ပါပါဖြင့် ဘေလ်စာရွက်ကို ဖတ်သည်။ ပြီးလျှင် ငွေရှင်းရန် အိတ်ကပ်ထဲ နှိုက်သည်။ ဆတ်ခနဲဖြစ်၍ ငြိမ်သွားသည်။ ပြီးလျှင် မျက်လုံးပြူးကြီးဖြင့် ကြည့်၍ ငိုင်နေသည်။

‘ဟော့လူ ရှင်းလေဗျာ။ ဘာလုပ်နေတာလဲ မိုးချုပ်လှပြီ’ဟု ကိုဦးက ငေါက်သည်။

‘ငါ … ငါ ပိုက်ဆံက လွယ်အိတ်ထဲ ကျန်ခဲ့ပြီကွ’ဟု ပြောသည်။ ကိုစိုးက …

‘ဒါဆို ကျုပ်တို့အဆောင်မှာ သွားယူပေးမယ် ခင်ဗျားနေခဲ့’

‘ဟ … ငါတစ်ယောက်တည်းတော့ မထားခဲ့ပါနဲ့ကွာ ဗလ ငါနဲ့နေခဲ့ပေး … ’ဟု ကိုကြီးတင်က ပြော၍ အားနာပါးနာ မျက်နှာပူစွာ နေခဲ့ပေးသည်။ အဆောင်နှင့် ဆိုင်အသွားအပြန် မိနစ် ၂၀ ခန့်သာ ကြာရမည်ဖြစ်သော်လည်း ၄၅ မိနစ်ကျော်သွားပြီ။ ပိုက်ဆံသွားယူသောအဖွဲ့ ပြန်မလာကြသေး။ တစ်ခုခုတော့ မှားနေပြီဟု တွေးမိသည်။ ကိုကြီးတင်က မျက်နှာငယ်လေးနှင့် ငြိမ်နေသည်။

ကိုယ်က ဆိုင်ရှင်နှင့် အတင်းစကားပြောရင်း၊ ဆွေမျိုးစပ် အချိန်ဆွဲရင်း မျက်နှာချိုသွေးနေရသေးသည်။

‘ကိုကြီးတင် ခင်ဗျားနေခဲ့ဗျာ … ကျုပ်လိုက်သွားဦးမယ် … ကြာနေပြီ’

‘အေးပါကွာ ပြန်တော့လာခဲ့နော်’ ဟု မျက်နှာငယ်ဖြင့် ပြောသည်။

အဆောင်သို့ ခပ်သွက်သွက် ပြန်လာသည်။ အဆောင်ရှေ့တွင် သူငယ်ချင်းများ ငုတ်တုတ်ထိုင်ရင်း ငြိမ်နေကြသည်။

‘ဟိတ်ကောင်တွေ ဆိုင်က ပိတ်ဖို့စောင့်နေတာလေ။ ဘာလို့ ပြန်မလာတာလဲ’ အလောတကြီး မေးသော အမေးကို ကိုဦးက

‘လွယ်အိတ်ထားတဲ့အခန်းက သူငယ်ချင်းက သော့ခတ်ပြီး မိန်းထဲက အဆောင်မှာ ကုလားကားသွားကြည့်တယ်တဲ့ကွာ …’ဟု ပြောသည်။

သွားပြီ …။ မိုးလင်းခါနီးမှ ပြန်လာတော့မည်မှာ သေချာသည်။

‘ဟော့ကောင်တွေ အမြန်လာ မိန်းထဲက ဆရာမ မလေးတို့ အဆောင်သွားရအောင် ပြောပြောဆိုဆိုဖြင့် သုတ်ခြေတင်ရသည်။ ဆရာမဆောင်ရောက်တော့ ဆရာမပင် အိပ်ရာထဲ ရောက်နေပြီ။ အဆောင်ရှေ့မှ အာပြဲကြီးများဖြင့် ဝိုင်းအော်၍ ဆရာမ မလေးနှင့် အခြားဆရာမတို့ အလန့်တကြားဖြင့် ထွက်လာသည်။ ဖြစ်ကြောင်းကုန်စင်ပြော၍ ပိုက်ဆံချေးသည်။ အချိန်ကြာနေပြီဖြစ်၍ ဆရာမ၏ စက်ဘီးပါပေးလိုက်ရန် ပြောရသည်။ ဆရာမက မြည်တွန်တောက်တီးပြီး စက်ဘီးနှင့် ပိုက်ဆံယူလာပေးသည်။

‘ဟဲ့ကောင်တွေ သောက်မနေကြနဲ့ဦး။ မြန်မြန်ပြန်ကြ ကြားလား’ဟု ပြောသည်။ နောက်ထပ် ၅၀ ကျပ်ခန့် ပိုပေးရန် ပြောပြီး ယူခဲ့ပြန်သည်။ လက်ထဲငွေနှင့် စက်ဘီးရသည်နှင့် ‘အစ်မရေ သွားပြီ တစ်လုံးလောက်သောက်ပြီးမှ ပြန်မှာ’ဟု စခဲ့သည်။

ဆရာမကို အားလုံးက ‘အစ်မ’ဟုသာ ခေါ်သည်။ မောင်ရင်းနှမပမာ ချစ်ခင်ကြ၍ ဖြစ်သည်။

ဆရာမက နောက်မှ ဆဲဆိုရင်း ကျန်ရစ်သား။

ကျွန်တော်နှင့် မောင်ဦးက စက်ဘီးဖြင့် ဆိုင်သို့ အမြန်ပြန်ခဲ့သည်။ ဆိုင်သို့ ရောက်သော် မျက်နှာငယ်နှင့် ကိုကြီးတင်ကို ဝိုင်း၍ ငေါက်သည်။ ဆိုင်ရှင်အား တောင်းပန်၍ ကျသင့်ငွေရှင်းပြီး ပြန်ခဲ့ကြသည်။

‘ငါ့ဖြင့် တစ်ကမ္ဘာလောက်ကြာတယ်ထင်ရသကွာ။ အားငယ်လိုက်တာ’ဟုပြောသည်။ ဘေးမှ ကိုကြီးတင်၏ လက်မောင်းကို တစ်ယောက်တစ်ချက် ထိုးကြပြီး ခင်ဗျားရဲ့ မေ့တတ်တဲ့အကျင့်ကြောင့်လေဗျာဟု ပြောကာ …

ကိုကြီးတင်က

‘အေးပါကွာ … နောက်မမေ့အောင် ကြိုးစားပါမယ့်’ဟု ဆိုသည်။

အားလုံး လွတ်လပ်ပေါ့ပါးစွာ ရယ်မောရင်း အဆောင်သို့ ပြန်ခဲ့ကြလေသတည်း။

နောက်တစ်နေ့တွင် အစ်မ (ဆရာမ)၏ ခေါင်းခေါက်မှုကို တစ်ဖွဲ့လုံး ခံခဲ့ရပေ၏။

**(မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အမှတ်တရ)**

# စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲများ ကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မ,တည့်ပံ့ပိုးငွေဖြင့် ပြိုင်ပွဲအမျိုးအစားငါးမျိုး ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုချင်းစီ၌ ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၄၀၀၀၀၊ တတိယဆု ငွေကျပ် ၃၀၀၀၀၊ နှစ်သိမ့်ဆု(၁) ငွေကျပ် ၂၀၀၀၀ ၊ နှစ်သိမ့်ဆု(၂) ငွေကျပ် ၂၀၀၀၀ အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာမ ချောယဉ်မင်းက ပွဲတော်ကြီးတွင် ကာယ၊ ဉာဏပြိုင်ပွဲများကို အခြေခံပညာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ သီတင်းကျွတ်ကျောင်းပိတ်ရက်များတွင် အကြိုပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲ အမျိုးအစားများအလိုက် အမှတ်ပေးဒိုင်ဥက္ကဋ္ဌများ ရွေးချယ်ခဲ့ရာ မြို့နယ်စာရေးဆရာအသင်းဝင်များက ၂၀၂၄ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ပြန်လည်ဆွေးနွေးခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျောက်ဆည်ဒေသဖွံ့ဖြိုးရေး၊ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာကျောင်းများအားလုံး ပါဝင်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၅)

# စာဖတ်ရှိန်မြှင့်တင်ရေး ပန်းချီ၊ ကဗျာရွတ်နှင့်ပုံပြောပြိုင်ပွဲများ ပြုလုပ်

**တပ်ကုန်း စက်တင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Golden Future ကိုယ်ပိုင်မူလတန်းကျောင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ပန်းချီ၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများကို ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ပြုလုပ်ခဲ့သည်။



ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များက ဒိုင်အဖြစ်ဆောင်ရွက်ပြီး ပန်းချီ၊ ကဗျာရွတ်နှင့်ပုံပြောပြိုင်ပွဲများတွင် Golden Future ကိုယ်ပိုင်မူလတန်းကျောင်းမှ မူကြိုအဆင့်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဆုလက်ဆောင်များအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးအမီးရေးရာအဖွဲ့ဝင်များက ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား အာဟာရပြည့် ပဲနို့နှင့်မုန့်များ ပေးအပ်လှူဒါန်းခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသားမိဘများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**တောင်တွင်းကြီး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြသည်။



အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးမိုးဝင်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ် "ခွေးရူးရောဂါကင်းစင်ရေး မနေးအမြန်လက်တွဲပေး" နှင့်အညီ ခွေးရူးရောဂါကင်းစင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်၊ ခွေးရူးရောဂါ၏ လက္ခဏာများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံများ၊ ကာကွယ်ရန်နည်းလမ်းများစသည့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

နောင်နောင် (မိဿနိုးမြေ)




ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် သရက်မြို့အတွင်းရှိ မိုတယ်များ၊ တည်းခိုခန်းများရှိ မီးဘေးလုံခြုံရေးပစ္စည်းများ ကောင်းမွန်စွာအသင့်အနေအထားရှိ၊ မရှိ အရေးပေါ်ထွက်ပေါက်များထားရှိခြင်း ရှိ၊ မရှိ (F.S.C)လျှောက်ထားခြင်းမရှိသေးသော တည်းခိုခန်းများ (F.S.C)လျှောက်ထားစေရေး အကြံပြုချက်ဆောင်ရွက်ခဲ့စဉ်။ (ယာပုံ)

(ကဆ)



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မန်းမြေမှာ

* မန်းမြို့တစ်ခွင်
သာစေချင်
သစ်ပင်စိုက်ပျိုးကြ ။

* မန်းမြို့တစ်ခွင်
သာစေချင်
ရေတွင်မဖြုန်းရ ။

* မန်းမြို့တစ်ခွင်
သာစေချင်
ပန်းပင်လန်းရွှင်မှ ။

* မန်းမြို့တစ်ခွင်
သာစေချင်
ဉယျာဉ်ထူထောင်ကြ ။

* မန်းမြို့တစ်ခွင်
သာစေချင်
တေးရွှင်ငှက်ပျံမှ ။

* မန်းမြို့တစ်ခွင်
သာစေချင်
လမ်းတွင်စည်းကမ်းကျ ။

* မန်းမြို့တစ်ခွင်
သာစေချင်
သန့်စင်မှိုက်ရှင်းရ ။

* မန်းမြို့သာရေး
ကူညီပေး
မနေးဆောင်ရွက်ကြ ။

* မန်းမြို့တော်မှာ
သာထက်သာ
ညီစွာဝိုင်းဝန်းကြ ။ ။

သွဲ့လှဲ့ညို

## ရတနာပုံမြို့တည်၊ နန်းတည် မင်းတုန်းမင်းကြီး နတ်ပြည်စံသက် (၁၄၇)နှစ်မြောက် မတကာဘတ်ဆွမ်းဆက်ကပ် လှူဒါန်း



**မန္တလေး စက်တင်ဘာ ၂၈**

ရတနာပုံ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းကြီး၏ နတ်ပြည်စံ (၁၄၇)နှစ်မြောက် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြနန်းစံကျော် ရွှေနန်းတော် မြေနန်းပြာသာဒ်တွင် မတကာဘတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားဓမ္မသဘင် ကျင်းပခဲ့သည်။

ဓမ္မသဘင်သို့ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတ ဓရ)ကြွရောက်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့သည်။

ထို့နောက် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်းရှိ မင်းတုန်းမင်းကြီး ကုသိုလ်တော် ကျွန်းကျောင်းတော်ကြီးတွင် ရွှေကျင်တိုက်မကြီးအတွင်းရှိ သံဃာတော်များ၊ သာမဏေများအား နေ့ဆွမ်းဆက်ကပ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ရာ ဇယမေဒနီ ဝါဆိုကျောင်း ဆရာတော်ကြီးက ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ရတနာပုံ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းကြီးသည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်တွင် နတ်ပြည်စံပြီးနောက် နန်းတက်သော သီပေါမင်းကြီးလက်ထက်တော်မှစကာ မင်းကြီးနတ်ပြည်စံသည့်နေ့ရက်တွင် သေသူအား ရည်မှန်းကာ ဆွမ်းဆက်ကပ်ခြင်းအလှူဖြစ်သော မတကာဘတ်ဆွမ်းဆက်ကပ် လှူဒါန်းမှုကိုပြုလုပ်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် မတကာဘတ်ဆွမ်းဆက်ကပ်လှူဒါန်းမှုကို ကုန်းဘောင်ဆက် မောင်နှမများက ပြန်လည်ကျင်းပခဲ့ရာ (၁၁) နှစ်မြောက်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ရွှေမန်း**



## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။ **(အပေါ်ပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဆွမ်းနှင့် ဆွမ်းဟင်းအလှူရှင် နန်းဦးတိုက်ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၃၄) ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်ကြော်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်၍ စာရေးတံမဲများ ဆက်ကပ်ခြင်း၊ ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက် အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



## မင်းဘူး(စကု)မြို့နယ်၌ ကမ်းပြိုဘေးသင့် ပြည်သူများအား ထောက်ပံ့

**မင်းဘူး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ချောင်းဖြူကျေးရွာ ဆားပွက်ချောင်းဘေးတွင်နေထိုင်သော ကမ်းပြိုဘေးသင့် အိမ်ထောင်စုဝင်မိသားစုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများကို ယမန်နေ့ ညနေ ၃နာရီက ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် စက်တင်ဘာ ၂၄ရက်နှင့် ၂၅ ရက်က မိုးများသည်းထန်စွာရွာသွန်းပြီး ချောင်းကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုဘေးသင့်ခဲ့သော မင်းဘူး(စကု)မြို့နယ် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာမှ အိမ် ငါးလုံး၊ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၁၉ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ငါးသိန်းနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၉၅၀၀၀၊ စုစုပေါင်း ငွေကျပ် ၅၉၅၀၀၀ အား မင်းဘူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ချောင်းဖြူကျေးရွာမှ ကမ်းပြိုဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၅၀၄)**

✱—✱—✱—✱—✱—✱

## (၁၄)ကြိမ်မြောက် အရဏ်ဆွမ်းနှင့် စာရေးတံမဲလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှသစ္စာအဓိဋ္ဌာန်အောင်၊ ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်(မူလွန်)ကျောင်းတွင် ဒါယိကာမကြီး ဒေါ်တင်အိမ့် မိခင်ကြီး ဒေါ်သင်ကြည် ရည်စူး၍ (၁၄)ကြိမ်မြောက် ရည်စူး၍ အရဏ်ဆွမ်းနှင့် စာရေးတံမဲအလှူပွဲကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုကို နဂါးကိုးကောင်ဆရာတော်၏ပစ္စည်းလေးပါးအလှူရှင်နှင့် စောမွန်လှဆွေတော်မျိုးတော်များ ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲမင်္ဂလာ၏ ရာသက်ပန် အကျိုးတော်ဆောင်ဖြစ်သော ဒါယိကာမကြီး ဒေါ်တင်အိမ့်က စောမွန်လှပေါ်တော်မူကျောင်းတိုက်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသာမဏေ အပါး ၅၀၊ သီလရှင်ဆရာကြီး၊ ဆရာလေးရှင် အပါး ၄၀၊ စုစုပေါင်းရှင်အပါး ၉၀တို့အား ဗလာမပါ နဝကမ္မအလှူတော်ငွေများကို စာရေးတံမဲဖောက်၍ လှူဒါန်းခဲ့သည်။ **(ယာပုံ)**



အဆိုပါ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေး(မူလွန်)ကျောင်းတွင်၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၇၀၀ခန့်ကို ဆရာ၊ ဆရာမ ၃၀ ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိရာ ပညာရေးအထောက်အကူပြုပစ္စည်းများ စာအုပ်၊ စာရေးကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ပဋ္ဌာန်းဆက်အလှူရှင်များအနေဖြင့် အကျိုးတော်ဆောင်အဖွဲ့ထံ ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၇၉၇၁၂၅၈၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

## ဗြဟ္မစိုရ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဗြဟ္မစိုရ်စာကြည့်တိုက်သို့ စာအုပ်အလှူရှင်များကိုယ်စား မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)က သုတ၊ ရသ စာအုပ် ၁၁ အုပ်ကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂နာရီက ဗြဟ္မစိုရ်ရုံးခန်းတွင် ပေးအပ်လှူဒါန်းရာ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌကိုယ်စား ဦးညီညီနိုင်(အလုပ်အမှုဆောင်)က စာအုပ်များကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။



ယနေ့စာအုပ်အလှူတွင် ဆရာဆန်း(မန္တလေး)က မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)ဖိုလ်တရာ(ရဲဘော်သုံးကျိပ်၊ မောင်လှကွန့်၊ ဆရာဘုန်း(ဥပဒေ)၊ မောင်သာနိုး(မြန်မာပြန်)စာအုပ်နှင့် ပညာရေးဆိုင်ရာစာအုပ်များ ပါဝင်ပြီး အရေအတွက် ၇ အုပ်ကိုလည်းကောင်း၊ စာပေတင်းကုပ်မှ အောင်မျိုးမြန်မာပြန်တစ်အုပ်၊ ပီအေတုတ်ကလေး တစ်အုပ်နှင့် အောင်တင်ဝင်း(ငါ့သရောက်)၏ အမေ့ကျေးဇူး ဂုဏ်တွေထူးစာအုပ်ဖြစ်သည်။ အလှူရှင်များအနေဖြင့် စာအုပ်၊ စာစောင်လှူဒါန်းလိုပါက ဗြဟ္မစိုရ်စာကြည့်တိုက်သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၉)**


✱—✱—✱—✱—✱—✱

# မန္တလေးနဲ့ငလျင် (ဌာပနာအမွေအနှစ်များ-၁၂)

ရက္ခိတ(ရှေး/သု)


"အင်းအိုင်ခါးလှည့် လက်ဖွဲ့များနဲ့ ဆေးဝါး မန္တန်ရယ်၊ ခုလိုနေတာ ဘယ်သဘောလဲ ပြောစမ်း ပါမောင်ရယ်၊ လမ်းသလားတယ်၊ အလွန်စကား ကြွယ် မန္တရားဆိုတာ အဟုတ်ကို သူနားမလည်" ဒါက စာရေးသူ ငယ်ရွယ်စဉ်က ရွှေတိုင်ညွန့်ရေး ပြီး ဒေါ်အေးမိ သီဆိုခဲ့တဲ့ ယောဆရာကြီး သီချင်း ထဲက စာသားလေးတွေ ဖြစ်ပါတယ်။ တေးပြု သူဟာ အလွန်စေ့စပ်တာ သိသာပါတယ်။ သူဟာ ဗားမဲ့လောကီကျမ်းလာ လောကီအစီအရင်တွေကို အကုန်ပါအောင်ထည့်ပြီး ရေးစပ်ထားလို့ပါ။ ဘာဆိုင်လို့လဲမေးရင် ဌာပနာအမွေအနှစ်တွေ အကြောင်း ဆောင်းပါးရေးရင်း ဆိုင်လာလို့ပါ။ မန္တလေးမှာ အင်အားပြင်း ငလျင်ကြီးလှုပ်လိုက် တော့ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်တွေ ပျက်စီးတယ်။ အပျက်အစီးကို ရှင်းလင်းကြတော့ အဲဒီအထဲက ဌာပနာ အမွေအနှစ်တွေ ပေါ်ထွက် လာတယ်။ ထွက်လာတဲ့ ဌာပနာဆင်းတု ရုပ်လုံး ရုပ်ကြွများထဲက ထူခြားတဲ့ လက်ရာလေးတွေ အကြောင်း ပြည်သူတွေကို ဗဟုသုတရအောင် ဆောင်းပါးလေးတွေ ရေးလာလိုက်တာ ဘာလိုလိုနဲ့ အမှတ်(၁၂)တောင် ရောက်လာပြီ။ ဒီတစ်ခါ ရေးသားတင်ပြမယ့် အကြောင်းအရာက ဆင်းတု တော်လည်း မဟုတ်ဘူး။ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွ လည်း မဟုတ်ပါဘူး။ "အင်း"အကြောင်းပဲ ဖြစ်ပါတယ်။ ရုတ်တရက် စဉ်းစားကြည့်လိုက် ရင် ဌာပနာနဲ့အင်း ဘာဆိုင်လို့လဲလို့ ထင်စရာရှိ ပါတယ်။ စာရေးသူ ကိုယ်တိုင်လည်း ဒီလိုပဲ ထင်ခဲ့ဖူးပါတယ်။ အခုတော့ ကိုယ်တိုင်လက်တွေ့ မြင်တွေ့ မှတ်တမ်းတင်ခဲ့ရလို့ ထူးခြားမှုတစ်ခု အနေနဲ့ ဒီဆောင်းပါးကို ရေးလိုက်တာပါ။ သေချာ တွေးကြည့်တော့ "ဌာပနာ"ဆိုတဲ့ စကားစုရဲ့ အဓိပ္ပာယ်ဟာ "ထည့်သွင်းခြင်း"ပါ။ ဘယ်ထဲကို ထည့်တာလဲဆိုတော့ ဘုရားစေတီထဲကို ထည့်သွင်း တာပါ။ ဘုရားစေတီထဲကို ဌာပနာအဖြစ် ထည့် သွင်းထိုက်တဲ့ ပုဂ္ဂိုလ်များကတော့ သဗ္ဗညုမြတ်စွာ ဘုရား၊ ရှင်ပစ္စေကဗုဒ္ဓါဆိုတဲ့ ဘုရားငယ်၊ စကြ ဝတေးမင်းနဲ့ ရဟန္တာများဖြစ်ကြပြီး သူတို့ ပရိ နိဗ္ဗာန်ပြုကြတဲ့အခါ ကြွင်းကျန်ရစ်တဲ့ ဓာတ်တော် တွေ၊ သူတို့အသုံးပြုခဲ့ကြတဲ့ အသုံးအဆောင် တွေကို အလေးအမြတ်အနေနဲ့ ဌာပနာပြီး စေတီ ပုထိုး တည်ကြတယ်ဆိုတာ ကျွန်တော့်ရဲ့ ရှေ့ ဆောင်းပါးထဲမှာ ရေးသားခဲ့ပြီးပါပြီ။ ဒါပေမဲ့ အချိန်ကာလအပြောင်းအလဲနဲ့အတူ လူတွေရဲ့ သဘောထားခံယူချက်တွေလည်း ပြောင်းလဲလာ ဟန်တူပါရဲ့။ လွန်ခဲ့တဲ့ နှစ် ၂၀၀ ဝန်းကျင် အမရပူရခေတ်က လူတွေဟာ ဘုရားစေတီ တည်ကြတဲ့အခါမှာ အထက်ပါ ရှေးထုံးတွေအပြင် ဓာတ်လုံးတွေ၊ ဘိုးတော်ရုပ်တုတွေ၊ သိမ်ဝင် အစီအရင် "အပ်"တွေကိုတောင် ထည့်သွင်းဌာပနာ ခဲ့တာကို တွေ့ရပြီး ထူးခြားမှုအနေနဲ့ ဆောင်းပါး အဖြစ် စာရေးသူအနေနဲ့ ရေးသားတင်ပြခဲ့ပါတယ်၊ အင်းဝမြို့ဟောင်းက စေတီတစ်ဆူမှာဆိုရင် လူ့ ဦးခေါင်းခွံနဲ့ ကျည်ဆံခွံတွေတောင် တွေ့ရဆိုပဲ။

အခုတစ်ခါလည်း ဌာပနာထဲက တွေ့လာရ တဲ့ "အင်းနဲ့အိုင်"အကြောင်း တင်ပြပါ့မယ်။ အိုင် တစ်ခုက အမရပူရမြို့ဟောင်း ရွှေဂူကြီးဘုရားဝင်း ထဲက ရွှေဂူသာလိုဏ်ဘုရားထဲက တွေ့ရတာဖြစ် ပြီး သင်ပုန်းကျောက်ပြားပေါ်မှာ စီမံထားပါတယ်။ ထောင့်ကွက်ငယ် ၂၄ ကွက်နဲ့ ပဆစ်အိမ်ပုံ




ချထားပြီး မြတ်ဘုရားဟောကြားခဲ့တဲ့ ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့ အင်းဆံသွင်းထားပါတယ်။ နောက်တစ် ခုကတော့ အင်းအမျိုးအစားဖြစ်ပြီး အေးငြိမ်းချမ်းသာ မောရိယစေတီတော် (မူရင်းဘွဲ့တော် မဟုတ်ပါ) ထဲကတွေ့ရတဲ့ ငွေပေလွှာပြားပေါ်မှာ အလျား၊ အနံ ခြောက်ကွက်စီပါတဲ့ လေးထောင့်ကွက် ၃၆ ကွက်နဲ့ စီမံထားတဲ့ ရိုးရိုးလေးထောင့်ကွက်စိပ်ပုံထဲမှာ ကျော် ကြားလှတဲ့ အသတ်မပါဂါထာ(ခေါ်)တန်ပြန်ဂါထာနဲ့ ကိန်းဂဏန်းတွေကို အင်းဆံ သွင်းထားပါတယ်။

ဒီတော့ ဌာပနာထဲက တွေ့ရတဲ့ အင်းနဲ့အိုင် အကြောင်းမပြောမီ လောကီအစီအရင်များအကြောင်း အနည်းငယ် ပြောပြချင်ပါတယ်။ လောကီအစီအရင် (၇)မျိုးရှိတာ ဆောင်းပါးအစမှာ သီချင်းစာသားနဲ့ ပြောခဲ့ပါတယ်။ ထပ်ပြီး တစ်ခုချင်းအဓိပ္ပာယ် ရှင်း ရရင် (၁)အင်း-အကွက်မှန်ချပြီး ကိန်းဂဏန်း ရေးသွင်းထားသောအရာ၊ (၂)အိုင်-အကွက်မှန်ချပြီး အက္ခရာရေးသွင်းထားသောအရာ၊ (၃)ခါးလှည့်-ရွှေ၊ ငွေ၊ ပေပြားတို့၌ ရေးသားပြီး ခါးတွင်စည်းထား ရသည့်အရာ၊ (၄)လက်ဖွဲ့-အင်းအိုင်ကိုလိပ်၍ ကြိုး ဖြင့် ဖွဲ့ဆောင်သောအရာ၊ (၅)မန္တာန်-ဥုံခံ၍ မန်း မှုတ်ရသောအရာ၊ (၆)မန္တရား-သြောင်းခံ၍ မန်း မှုတ်ရသောအရာ၊ (၇)ဂါထာ-ဥုံသြောင်းမပါ ရွတ်ဆို ရသောအရာတို့ ဖြစ်ကြပါတယ်။ အဲဒါတွေဟာ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာမရောက်မီကာလကတည်း က ဟိန္ဒူဘာသာက စခဲ့တယ်လို့ မှတ်သားရပါ တယ်။ ဟိန္ဒူဘာသာရဲ့ ဝေဒလေးပုံထဲက အာတဗ္ဗ ဏဝေဒဟာ လောကီအစီအရင်များရဲ့ ဇစ်မြစ်ဖြစ်ပါ တယ်။ စတင်စဉ်က ဆေးကျမ်းလာအတိုင်း ဆေးကု သရာမှ နောက်ပိုင်းလူနာအတွက် အန္တရာယ်ကင်း အောင် ဂါထာတွေ၊ မန္တန်တွေနဲ့ မန္တရားတွေ ရွတ် ဖတ်ပေးခြင်း သက်သက်ပါ။ တစ်ဆင့်တက်ပြီး မိမိတို့ စုပေါင်းနေထိုင်ကြတဲ့ ရပ်ရွာအသိုက်အဝန်းမှာ မကောင်းဆိုးဝါးများရဲ့ အန္တရာယ်ကိုတားဆီးရန်၊ သဘာဝဘေးဒဏ်များ ကျရောက်မှုမှ ကာကွယ်ရန် အင်းတွေအိုင်တွေ ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ပေါ်ကာစမှာ အင်းအဖြစ်ထက် မန္တန် အဖြစ် ရွတ်ဆိုမှုက ပိုများခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ နောက်ပိုင်းမှာ အဲ့ဒီမန္တန်ကို ရေရှည်ပိုပြီးထိရောက်မှု ရှိစေရန် အသွင်ပြောင်းပြီး အင်းအဖြစ် ဖန်တီးခဲ့ကြ ပါတယ်။ ပုဂံခေတ် မတိုင်မီကတည်းက စတင်ခဲ့တဲ့ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ပညာများဟာ ရတနာပုံ ခေတ်အထိ တစ်လျှောက်လုံး တွင်ကျယ်ခဲ့တာ သမိုင်းမှာ အထင်အရှား တွေ့ရပါတယ်။ ရတနာပုံ ရွှေမြို့တော်ကြီး ဖန်တီးတော့ နန်းတွင်းက မြနန်းစံ ကျော်ရွှေနန်းတော်မှသည် အပြင်မြေမြို့ရိုးကြီး တည်ဆောက်သည်အထိ သမ္မုဒ္ဓေအင်းတို့ စုလ္လာ သီရိအင်းတို့ဆိုတာ ယုံယုံကြည်ကြည်နဲ့ နေ့ရက်



အချိန်အခါရွေးပြီး သေချာကို ပြုလုပ်ခဲ့ကြကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးထဲမှာ အထင်အရှား တွေ့နိုင်ပါတယ်။ အဲဒါတွေကို မြန်မာ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်လို့ ဆိုရင်လည်း မမှားဘူးလို့ ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီ အင်းအိုင်ခါးလှည့် လက်ဖွဲ့ဆိုတာ တိုးတက် ပါတယ်ဆိုတဲ့ ယနေ့ချိန်တိုင်အောင် ယုံကြည် လိုက်စားနေသူတွေ ရှိနေဆဲမို့ ဖြစ်ပါတယ်။ သို့သော် ကိုလိုနီခေတ်ကာလမှာ အနောက်တိုင်းနည်းပညာ တိုးတက်လာတော့ ရိုးရာပညာတွေကို အထင်သေး လာတယ်၊ ဖိနှိပ်လာကြတယ်။ ဒါကြောင့် အဲ့ဒီ ရိုးရာပညာရပ်တွေဟာ သိုသိပ်ပြီး လျှို့ဝှက်လာခဲ့ကြ ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ ပြန်လည်လူကြိုက်များလာပြီး ခေတ်သစ်တစ်ခုကို ရောက်လာပြန်ပါတယ်။ အင်းကျမ်းတွေ၊ ဂါထာ ကျမ်းတွေ၊ ဆေးကျမ်းတွေ အမြောက်အမြား ပြုစု ရေးသားလာခဲ့တာကိုလည်း တွေ့ကြရပါတယ်။ လက်တွေ့ အင်းပြုလုပ်တာကတော့ နည်းနည်းနက်နဲ ပြီး အလွန်အန္တရာယ်များတယ်လို့လည်း ဆိုကြပါ တယ်။ အင်းတစ်ခု ပြုလုပ်မယ်ဆိုရင် အသုံးပြုမယ့် ပစ္စည်းကို သေချာစနစ်တကျ ပြင်ဆင်ခြင်း၊ ဌာန် ကရိုဏ်းကျနစွာ ဂါထာရွတ်ဖတ်ခြင်း၊ အင်းစီးခြင်း နဲ့ အသက်သွင်းခြင်းဆိုပြီး အဆင့်အလိုက် ဂရုတစိုက် သေချာစွာလုပ်မှ ထိရောက်ပါတယ်။ တစ်ခုခု လွဲချော်သွားရင် အင်းကန်းပြီး မထိရောက်ရုံသာမက အန္တရာယ်ပင် ကျရောက်တတ်တယ်လို့ ယုံကြည်ကြ ပါတယ်။

ရွှေဂူသာ လိုဏ်ဘုရား ဌာပနာထဲကရတဲ့ အိုင်ကို ပစ္စည်းအဖြစ် သင်ပုန်းကျောက် အသုံးပြု ထားပြီး မြတ်ဘုရားရဲ့ ပဋ္ဌာန်းတရားတော်အကျဉ်းနဲ့ အင်းစီးထားပါတယ်။ အလွယ်ခေါ်ရရင် ပဋ္ဌာန်းအိုင် ပေါ့။ အဲဒီပဋ္ဌာန်းအိုင်မျိုးဟာ မြန်မာ့လောကီပညာရပ် နယ်ပယ်မှာ အနက်ရှိုင်းဆုံးနဲ့ စွမ်းအားအကြီးမား ဆုံး လောကီအစီအရင်အဖြစ် သတ်မှတ်ထားကြပါ တယ်။ တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓရဲ့ ပဋ္ဌာန်းပါဠိ တော်နဲ့ လောကီအတတ်ပညာနှစ်ကို အဆင့်မြင့်စွာ ပေါင်းစပ်ထားခြင်းလည်း ဖြစ်ပါတယ်။ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ခိုနန်းချိုး သုံးချိုးအညီ ပါဝင်ထားတဲ့ ဂရိကြက်ခြေ(Greek Cross) ပုံ အခြေပြုကာ ပဋ္ဌာန်းဒေသနာတော်အကျဉ်းကို လက်ယာရစ် အင်းစီးထားပါတယ်။ အဲ့ဒါကြောင့် အခုလို ပဋ္ဌာန်း အိုင်မျိုးဟာ စွမ်းအားအလွန်မြင့်မားပြီး အန္တရာယ်မှ အကာအကွယ်ပေးခြင်း၊ ဘေးဘယာရန်စွယ် ကင်း ဝေးစေခြင်း၊ မကောင်းသော ကံကြမ္မာကို ကောင်း အောင်ပြောင်းလဲနိုင်ခြင်း၊ ကျန်းမာသက်ရှည်ခြင်း များနဲ့ ပြည့်ဝစေတယ်လို့ ယုံကြည်ကြပါတယ်။ ဒါပေမဲ့ စွမ်းအားထက်မြက် မြင့်မားသလို အမှား လည်းမခံလို့ ကျွမ်းကျင်သော ဆရာများကသာ စီရင်ဆောင်ရွက်ပေးလေ့ရှိတယ်လို့ သိရပါတယ်။ မယုံကြည်ရင်ဖြစ်စေ၊ မကျွမ်းကျင်ရင်ဖြစ်စေ အကျိုးကျေးဇူးနည်းတဲ့အပြင် မလိုလားအပ်သော ရလဒ်များ ဖြစ်ပေါ်စေနိုင်တယ်လို့ သိရပါတယ်။

အေးငြိမ်းချမ်းသာ မောရိယစေတီတော် ဌာပနာထဲက တွေ့ရတဲ့ အင်းကတော့ တန်ပြန်အင်း အမျိုးအစားဖြစ်ပြီး ငွေပေလွှာပေါ်မှာ ဖန်တီးထား ပါတယ်။ အဲ့ဒီလို တန်ပြန်အင်းဟာ နက်နဲပြီး သီးသန့်ရည်ရွယ်ချက်နဲ့သာ ပြုလုပ်လေ့ရှိတဲ့ အင်းအမျိုးအစား ဖြစ်ပါတယ်။ အထူးသဖြင့် သူတစ်ပါးရဲ့ အင်းဂါထာ၊ မော်အစွဲ(သို့မဟုတ်) မကောင်းသော ရည်ရွယ်ချက်နဲ့ ပြုလုပ်ထားတဲ့ တိုက်ခိုက်မှုစွမ်းအင်မျိုးကို ပြန်လည်တိုက်ခိုက် အောင်မြင်စေရန် ရည်ရွယ်ပြုလုပ်လေ့ရှိသော အင်းတစ်မျိုးဖြစ်တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် တစ်ဖက်သားရဲ့ ကြံစည်တိုက်ခိုက်မှုကို မူလပိုင် ရှင်ထံ ပြန်လည်သက်ရောက်စေသော စွမ်းအင်မျိုး ဖြစ်ပါတယ်။ အဲ့ဒီလို အစွမ်းထက်တဲ့ အင်းမျိုးကို ဘာ့ကြောင့်များ ဘုရားစေတီထဲ ဌာပနာထားသလဲ ဆိုတာ စဉ်းစားစရာပါ။ အင်းကွက်ထဲမှာ အသတ် မပါဂါထာ(သို့မဟုတ်)တန်ပြန်ဂါထာနဲ့ ဂဏန်းတို့ ပေါင်းစပ်ပြီး အင်းစီးထားပါတယ်။ ပဋ္ဌာန်းဒေသ နာတော်က လူတိုင်းသိပေမယ့် တန်ပြန်ဂါထာ ကတော့ အားလုံးသိချင်မှ သိကြမှာမို့ ဖော်ပြ လိုက်ပါတယ်။ "ဝေဒါသာကု-ကုသာဒါဝေ၊ ဒါယသာတ-တသာယဒါ၊ သာသာမိကု- ကုမိ သာသာ၊ ကုတကုဘု-ဘုကုတကု"၊ စာရှည် သွားမှာစိုးလို့ အနက်ကို ဖော်မပြတော့ပါ။ အနက် အဓိပ္ပာယ်ကလည်း လောကီရော လောကုတ္တရာ အတွက်ရော ပါဠိကို တစ်လုံးချင်း အနက်ပြန် ထားတာမို့ သိပ်ပြီး ကောင်းတာပဲလို့ ညွှန်းဆို ပါရစေ။ အစွမ်းထက်သော ဂါထာတော်များ စာအုပ်တွင် အသေးစိတ် ဆက်လက်လေ့လာနိုင် ကြပါတယ်။ ဒီနေရာမှာ အထက်ပါ တန်ပြန် ဂါထာဟာ "ရွှေတိဂုံနဲ့ ကျိုက်ထီးရိုး"လို ကက် ကင်းဓာတ်သဘောပါနေတာကို သတိပြုမိကြ မှာပါ။ အဲ့ဒီ ရွှေတိဂုံနဲ့ ကျိုက်ထီးရိုးကမှ နေ့နံ ကက်ကင်း သဘောလောက်ပဲရှိတာ။ တန်ပြန် ဂါထာကို သေချာကြည့်လိုက်တော့ တစ်လုံးချင်း ရော တပါဒချင်းကို ကက်ကင်းကျထားတာ။ ဒါကြောင့်လည်း စွမ်းအားကြီးပြီး ထိရောက်မှု ပြင်းထန်တယ်လို့ ဆိုထားတာလို့ နားလည်ရ ပါတယ်။ လောကီအစီအရင် ယုံကြည်ကြသူ များကတော့ အဲ့ဒီကက်ကင်း ဓာတ်သဘောကို အထူးသတိထားလေ့ ရှိပါတယ်။ ကျွန်တော်တို့ ကလေးဘဝတုန်းက ပြောခဲ့ဖူးတဲ့ ကက်ကင်းဓာတ် သဘောလေးလိုပေါ့။ "ဘူးသီး-မသီးဘူး"ဆိုတာ လေ။

**ကျမ်းကိုး- လောကီအစီအရင်ကျမ်း**

# ကျောက်ဆည်မြို့၏ ရိုးရာအမွေအနှစ် ဆင်ပွဲတော်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် မကြာခင်အချိန်ကာလ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှ ပြိုင်ပွဲနှင့်ဆင်လှူပွဲတော်ကြီး ရောက်ရှိလာတော့မည်ဖြစ်ပြီး ဆင်အကအလှအဖွဲ့များမှလည်း ရိုးရာဆင်၊ ဘော်ကြယ်ဆင်များဖြင့် မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ်၊ ဝါး၊ နှဲ၊ လင်ကွင်း အတီးအဖွဲ့များနှင့်တစ်ဖုံ ခေတ်ပေါ်တေးဂီတ သံစုံတီးဝိုင်းအဖွဲ့များကတစ်မျိုးနှင့် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများတွင် စတင်လှည့်လည် ကပြဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာဆင်ပွဲတော် စတင်ပေါ်ပေါက်လာပုံမှာ သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် သာသနာတော်ပြန့်ပွားရေးအတွက် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် သီဟိုဠ်ဘုရင်ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူ)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်ရာ ဆင်မယဉ်သာသည် ပုဂံမြို့ ရွှေစည်းခုံ ပစ္စယံသုံးဆင့်၊ တန့်ကြည်တောင်၊ လောကနန္ဒာ၊ တူရွင်းတောင် နေရာများတွင် ဝပ်နားခဲ့ပြီး ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်သို့ ရောက်သည့်အခါ ဝပ်နားခြင်းမရှိဘဲ ခေတ္တလဲလျောင်းခဲ့သည့်အတွက် အနော်ရထာမင်းကြီးသည် ယခင်သီရိမ္ဗာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီပေါင်းရှစ်သောင်းလေးထောင်တွင် တစ်ဆူပါဝင်ခဲ့သည့် စေတီငယ်အား ငုံ၍ ပြင်ဆင်မွမ်းမံတည်ထားကိုးကွယ်ခဲ့ကြောင်း၊ ရွှေသာလျောင်းတောင်ထက်၌ တည်ထားသည့်စေတီဖြစ်သောကြောင့် ဆုတောင်းပြည့် ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

အနော်ရထာမင်းကြီးသည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအပြင် ကျောက်ဆည်ကိုးခရိုင်ဒေသအား နိုင်ငံတော်၏စပါးကျီဖြစ်စေရန်အတွက် ဆည်၊ မြောင်း၊ ချောင်း၊ ကန်များ တည်ဆောက်ခဲ့ကြောင်း၊ နယ်သူနယ်သားများဆန်စပါးပေါများစေရန်အတွက် နှစ်စဉ်သီတင်းကျွတ် လပြည့်နေ့ရောက်တိုင်း ရွှေသာလျောင်းစေတီတော်ကြီးအား ဆွမ်းတော်ကြီးကပ်လှူပွဲပြုလုပ်ရန်နှင့် နောင်အချိန်တွင် စွယ်တော်မြတ်တင်ဆောင်သည့် ဆင်မယဉ်သာ(ဆင်ဖြူ)ကိုလည်း ငါကဲ့သို့ အမှတ်ရစေရန် ဆင်အရုပ်တို့ဖြင့် အဓိဋ္ဌာန်ပြုလှူဒါန်းပူဇော်အမျှပေးဝေကြရန် မိန့်တော်မူခဲ့သည့်အတွက် သက္ကရာဇ် ၃၉၅ ခုနှစ်မှစ၍ ကျောက်ဆည်မြို့တွင် ဆင်လှူပွဲတော် စတင်ပေါ်ပေါက်လာခဲ့ကြောင်း သိရှိရသည်။

ဆင်လှူပွဲတော်တွင် ရှေးယခင်က ဆန်မှုန့်၊ ကောက်ညှင်းမှုန့်များဖြင့် ပြုလုပ်သည့် မုန့်ဆင်များဖြင့် လှူဒါန်းရာမှ ခေတ်ကာလကြာလာသည်နှင့်အမျှ မုန့်ဆင်ရုပ်များအပြင် စက္ကူဖြင့် ဆေးရောင်ခြယ်ပြုလုပ်သောအရုပ်ဆင်များပါ ပေါင်းစပ်လှူဒါန်းခဲ့ရာ ၁၉၂၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆင်ချုပ်ပညာရှင်များဖြင့်သာ ကျောက်ဆည်မြို့၊ ညောင်ခြောက်ပင်ရပ်ကွက်မှ ဆရာမြစ်၊ ဆရာငယ် ညီအစ်ကိုနှစ်ဦးက လူဝင်၍ရသော အရုပ်ဆင်များတီထွင်ပြုလုပ်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ကျောက်ဆည်မြို့၏ ရိုးရာဆင်လှူပွဲတော်အပြင် ဆင်ပြိုင်ပွဲတော်ပါ ထည့်သွင်းကျင်းပခဲ့ရာမှ ဆင်ပွဲတော် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ကျောက်ဆည်မြို့၏ ရိုးရာဆင်လှူပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လပြည့် ၁၅ ရက်တွင် ကျင်းပခဲ့ပြီး ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ဆင်အကအလှပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ဆင်အကအဖွဲ့များက ကလေးဆင်၊ ရိုးရာဆင်၊ ဘော်ကြယ်ဆင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောက်ဆည်နယ်သူ၊ နယ်သားများကလည်း တစ်ခဲနက်ပါဝင်အားပေးသည့်အတွက် အလွန်စည်ကားသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ဆင်အကအလှပြိုင်ပွဲအား ဂုဏ်ပြုဆင်ဖြူတော်နှစ်စီးနှင့် ဖွင့်ပွဲပြုလုပ်သွား မည်ဖြစ်ပြီး ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်သုံးစီး၊ ရိုးရာဆင်ငါးစီး၊ ကလေးဆင်လေးစီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင်နှစ်စီး စုစုပေါင်းဆင် ၁၄ စီးတို့မှ ယှဉ်ပြိုင်ကပြသွားမည်ဖြစ်ကြောင်းနှင့် ဆင်ပြိုင်ပွဲတော်ကြီးစည်ကားသိုက်မြိုက်စေ ရေးဖျော်ဖြေရေးဆင် ၅၄ စီးတို့ကလည်း နာမည်ကြီးအဆိုတော်များနှင့်အတူ ခေတ်ပေါ်တေးဂီတ သံစုံတီးဝိုင်းများနှင့် မြို့မဈေးကြီးအား သုံးပတ်လှည့်လည်ပြီး မြူးမြူးကြွကြွဆင်အကများဖြင့် ကပြဖျော်ဖြေသွားမည် ဖြစ်သည့်အတွက် အနယ်နယ်၊ အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကျောက်ဆည်နယ်သူ၊ နယ်သားများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်လိုက်ရပါသည်။

(၄၈၅)




## စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံ ရေပိုလွှဲတို့မှ ရေကျော်

**မြို့သစ် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်တွင် စက်တင်ဘာ ၂၃ ရက် ညနေပိုင်းကစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီ ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေ လှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် (၆၂၅) ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ (၆၂၅ ဒသမ ၇၀) ပေရှိသည့်အတွက် ရေပိုလွှဲမှ(၀ ဒသမ ၇ပေ)၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် (၅၆၀ ဒသမ ၅၀) ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ (၅၆၀ ဒသမ ၉၀)ပေရှိသည့်အတွက် ရေပိုလွှဲမှ(၀ ဒသမ ၄ ပေ)ဆက်လက်ရေကျော်လျက်ရှိသော်လည်း ဆည်၏ ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်း သိရသည်။

ဆည်အခြေအနေနှင့်ပတ်သက်၍ သိရှိနိုင်ရန် ဝန်ထမ်းများအား အလှည့်ကျရေကင်းတာဝန်ချထားကာ ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆည်အနီးနှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံများလွှင့်ထူကာ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပေါ်တင့်ထံက သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



## နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ ငါးမျိုးစိုက်ထည့်

**မြစ်သား စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေသုံးသိန်း ငါးမျိုးစိုက်ထည့်ပေးခြင်းကို ယမန်နေ့နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။(**အပေါ်ပုံ**)

အဆိုပါအခမ်းအနားသို့ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြစ်သားမြို့နယ် ဆည်မြောင်း(တမံ)ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးကြည်ခိုင်ထွန်း၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြစ်သားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများ ရေရှည်စားသုံးနိုင် ရန်ရည်ရွယ်၍ နွားကူးကြီးကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးမြစ်ချင်းငါးကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကောင်ရေ ၁၅၀၀၀၀ ၊ စုစုပေါင်းငါးကောင်ရေ ၃၀၀၀၀၀ အား ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

ဝ-ဝ-ဝ-ဝ-ဝ

❖ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ် သုံးစွဲရန်မသင့်လျော်သည့် နေရာများ၊ မြေလွတ် မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

### အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သို့ ရောက်ရှိကြရာ နန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့် တွေ့ဆုံစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့်တာဝန်ရှိသူများက ဧည့်ခန်းမဆောင်တွင် တွေ့ဆုံ၍ ကာဇက်စတန်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများ၊ ကာဇက်စတန်နိုင်ငံတွင် လူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် လိုအပ်သည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ကို တည်ဆောက်ခဲ့မှုနှင့် အမျိုးသားရေးညီလာခံကို နှစ်စဉ်လက်ခံကျင်းပဆောင်ရွက်လျက်ရှိမှု၊ လူမျိုးစုများအချင်းချင်း ချစ်ကြည်မှုနှင့် နားလည်မှုရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကာဇက်စတန်နိုင်ငံရှိ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးကိုလည်း လက်ခံကျင်းပခဲ့မှုနှင့် နန်းတော်အတွင်း ငြိမ်းချမ်းရေးနှင့်

စာမျက်နှာ ၅ သို့

## ပရီးမီးယားလိဂ်ပွဲစဉ်(၆)တွင် အက်စတွန်ဗီလာနှင့် အာဆင်နယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့

**လန်ဒန် စက်တင်ဘာ ၂၈**

ပရီးမီးယားလိဂ်ပွဲစဉ် (၆) ပွဲစဉ်များအား ယနေ့တွင် ဆက်လက် ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းနှင့် အာဆင်နယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အက်စတွန်ဗီလာအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက ဖူလ်ဟမ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ဝက်စ်ကင်း၊ ပွဲချိန် ၄၉ မိနစ်တွင် ဂျွန်မက်ဂင်း၊ ပွဲချိန် ၅၁ မိနစ်တွင် အီမီလီနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီက နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် မီရီနို၊ ပွဲချိန်(၉၀+၆)မိနစ်တွင် ဂါဘရီရယ်တို့က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ် ချန်ပီယံဆု အားဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားဆုံးအသင်းတွင် ပါဝင်လျက်ရှိနေသည်။



ပရီးမီးယားလိဂ်ပွဲစဉ် (၆) အပြီးတွင် အာဆင်နယ်အသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၂နေရာ၊ အက်စတွန်ဗီလာအသင်းက ရမှတ် ၆ မှတ်ဖြင့် အဆင့် ၁၆နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့သည်။

(NGB)